


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော တရားတော်

# ဘာကြောင့် ဒုက္ခမတွေ့ အပါယ်အသွားများကြပါလိမ့်

၁၂၀

( ရှင်အနုရုဒ္ဓါ )

( ၁၁ ၊ ၅ ၊ ၆၂ )

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ဘာ့ကြောင့်ဒကာမတွေ

# အပါယ်အသွား များကြပါလိမ့်

(ရှင်အနုရုဒ္ဓါ)

(၁၁-၅-၆၂)

စာမူခွင့်ပြုချက် အမှတ် - ၅၈၈/၂၀၀၀ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၉၂/၂၀၀၀ (၈)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ
တန်ဖိုး - (        )

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဘာ့ကြောင့် ဒကာမတွေ
# အပါယ်အသွား များကြပါလိမ့်

## (ရှင်အနုရုဒ္ဓါ)
(၁၁-၅-၆၂)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မှာ သီတင်းသုံးပြီးသကာလ နေတယ်။ အဲ့ဒီတော့သည် ရှင်အနုရုဒ္ဓါဆိုတာ ဒကာ၊ ဒကာမတွေကြားဖူးကြမယ်။ အဲဒီ ရှင်အနုရုဒ္ဓါ ကိုယ်တော်က အဘိညာဉ်နေရာမှာ ... အဘိညာဉ်ဆိုတာ ဒကာ ဒကာမတို့ ကြည့်လိုက်ရင် ပုဂ္ဂိုလ်သတ္တဝါတွေကို ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာ သေသည့်အခြားမဲ့၌ မြင်တဲ့ပုဂ္ဂိုလ်ပေါ့လေ နော့် (မှန်ပါ့)။

## အပါယ်သွားတာ ဒကာမတွေများတယ်

အဲ့လိုအဘိညာဉ်ရတဲ့ ရှင်အနုရုဒ္ဓါက မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီး သွားလျှောက်တယ်၊ အရှင်ဘုရား တဲ့ တပည့်တော် အဘိညာဉ်နဲ့ကြည့်ပါတယ်၊ အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဒကာမတွေဟာ များသောအား ဖြင့် မိန်းမဘက်ကနေပြီး တပည့်တော်ကြည့်လိုက်တဲ့အခါမှာ အပါယ်သွားတာသိပ်များပါတယ် ဘုရား။ အဲဒါ တပည့်တော် အကြောင်းသိချင်ပါတယ်ဘုရား။

## ရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခုနှင့်မြင်တယ်

ဒကာ ဒကာမတို့ အသေအချာနားထောင်ကြပါ။ သူအသေအချာ ကြည့်တယ် အဘိညာဉ်နဲ့ ကြည့်တယ်ဆို တော့ ဘယ်သူ၊ ဘယ်ဒကာမ စုတေသွားတာ ဘယ်သွား တယ်၊ ဘယ်ဒကာမ စုတေသွားတယ် ဘယ်သွားတယ်လို့ သူကြည့်လိုက်တော့ များသောအားဖြင့် သေတာတွေ အကုန် လျှောက်ပြီးသကာလ ကြည့်လိုက်တဲ့အခါ ဒကာမတွေ သေတဲ့အခါ အပါယ်သွားတာများတယ်။ မှတ်ထားကြပါ။ မှတ်ထားကြပါ။ ရှောင်ကြဉ်ဖို့ကို ဒီနေ့ သတိပေးတယ်ဆိုကာ မှတ်လိုက်စမ်းပါ . . . (မှန်လှပါဘုရား)။

## ဘုရားကတော့သူတို့စိတ်ကိုသိတယ်

ဤကဲ့သို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သွားမေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာတဲ့ . . . များသောအားဖြင့် ငါပြောရမယ်ဆိုလို့ရှိရင်ဖြင့် မင်းမသိလို့မေးလို့ မင်းကအဘိညာဉ်နဲ့ ကြည့်လို့ကိုယ်တိုင်မြင်တယ်။

ငါကသူတို့ သန္တာန်စိတ်တွေကို သိလို့ ကိုယ်တိုင်မြင်တယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူကတော့ ဒိဗ္ဗစက္ခုနဲ့ မြင်တာကိုး . . . (မှန်ပါ) ရှင်အနုရုဒ္ဓါက ဘာနဲ့မြင်ပါလိမ့် . . . (ဒိဗ္ဗစက္ခု အဘိညာဉ်) ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်တယ်လို့ မှတ်ထားလိုက်စမ်းပါနော် . . . (မှန်ပါ့)။

ဘုရားကတော့ ပရစိတ္တဝိဇာနနဉာဏ်နဲ့ သူတစ်ပါး စိတ်ကိုသိတဲ့ဉာဏ်နဲ့ မြင်တယ်။ မြင်ပုံခြင်းတစ်မျိုးစီနော်. . . (မှန်ပါ့)။

သူကတော့သွားတာ၊ လာတာကိုမြင်တယ်၊ ဒကာမတွေ သေတဲ့အခါ အပါယ်သွားတာတွေကြည့်လိုက်တယ်။ ဘယ်အိမ်က ဒကာမသေပြန်ပြီ အပါယ်သွားပြီ၊ လူ့ပြည်သွားတာ နည်းနည်းပဲ သူတွေ့ရတယ်၊ များသောအားဖြင့် အပါယ်သွားတာများတယ်၊ များလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သူကသွားမေးရတယ်။

မေးရမှာပဲလို့ ကိုစောမောင်ရနော်။ ဘုရားကတော့ကို ပရစိတ္တဝိဇာနနညာဏ်ဆိုတဲ့ ဥစ္စာ ပရက-သူတစ်ပါး၊ စိတ္တက-စိတ် သူတစ်ပါးစိတ်သိတဲ့ညာဏ်နဲ့ သူကဟောတာ . . . (မှန်ပါ) ဟိုက သွားတာလာတာသာမြင်တာ မောင်နိုင်ရ . . . (မှန်ပါ့)။

ဒီခမ္မတွေဖြစ်နေတဲ့စိတ်ကို သူမသိဘူး . . . (မှန်ပါ့) သဘောကျလား . . . (ကျပါတယ်ဘုရား) အဲ့တော့ မမေး သင့်ဘူးလား . . . (မေးသင့်ပါတယ်)။

ဒါနဲ့ပဲ မေးလိုက်တဲ့အခါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက များသောအားဖြင့်တော့ကွာတဲ့၊ အပါယ်သွားတယ်ဆိုတာ မင်းမြင်တဲ့အတိုင်းကို ငါသည် သူတို့ဘယ်စိတ်၊ ဘယ်စိတ် ဖြစ်နေတယ်၊ မနက် ဘယ်စိတ်ဖြစ်တယ်၊ နေ့လည် ဘယ်စိတ်ဖြစ်တယ်၊ ည ဘယ်စိတ်ဖြစ်တယ် ဆိုတာ ငါမြင်တယ်ကွ။

## ဒကာမတို့၏စိတ်သုံးမျိုး

အဲ့ဒါကြောင့်များသောအားဖြင့် အပါယ်သွားတယ်ဆိုတာ ငါရှင်းပြမယ်ဆိုပြီး ဘုရားက ရှင်းပြတယ်နော်။

မနက်မိုးလင်းလာလို့ရှိရင် များသောအားဖြင့်ကွာဝဲ့ ဒကာမများဟာ မစ္ဆေရ ဝန်တိုတဲ့ စိတ်ကလာတယ်ကွ။

ကိုစောမောင် ဘာလာသတဲ့ (မစ္ဆေရ ဝန်တိုတဲ့စိတ်ပါဘုရား) မစ္ဆေရဆိုတာ ဝန်တိုတာပေါ့ကွာ . . . (မှန်ပါ့)။

ကိုယ့်သားသမီးတောင်မှ ထမင်းတွေ ဘာတွေ စားပြုနေတဲ့အခါကျလို့ရှိရင်ဖြင့် ကလေးက ဆာလှတယ်။ ပြုလှတယ် ဆိုရင်ဖြင့် ဒီလောက်တောင်ပဲ ဆာလွန်းလှတယ်။ ဒီလောက်တောင်ပဲ ဆူလွန်းလှတယ် အစရှိသဖြင့် မကျွေး ဘူးဟဲ့ အစရှိသဖြင့် ကျွေးတော့လည်း ကျွေးတာပဲတဲ့ ပြီးတော့ မစ္ဆေရဆိုတဲ့ ပထမစကားကို ပထမ အမူအရာ တွေက များသောအားဖြင့် ဖြစ်တယ်။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒကာဒကာမတွေ ကြပ်ကြပ်နားထောင်ပါ ဒကာမမှာ များသောအားဖြင့် မိုးလင်းလာလို့ မနက်လင်းလာလို့ရှိရင် မစ္ဆေရ လာတာများတယ်ကွ ဘုရားက ဘုရားက။

## သူတစ်ပါးစိတ်ကိုသိတဲ့ဉာဏ်

ပရစိတ္တ ဝိဇာနနဉာဏ်နဲ့ ကြည့်တာနော်. . . (မှန်ပါ့) သူတစ်ပါး သန္တာန်ဖြစ်တဲ့စိတ်ကို သိတဲ့ဉာဏ်နဲ့ ကြည့်တယ်လို့ မှတ်ထားစမ်းပါ (မှန်ပါ့)။

ဒါများသောအားဖြင့် အကဲခတ်ကြည့်လည်း ဒါဘုရားသခင် ကိုယ်တော်မြတ်ကြီး သူတစ်ပါးစိတ်ကို သိတဲ့ဉာဏ်နဲ့ အကဲခတ်လိုက်တာ အမှန်ပဲလို့ ဆိုရမှာ (မှန်ပါ့)။

ကိုယ့်သားသမီးအပေါ်တောင် မစွဲရ ပါသတဲ့ တစ်ပါးသောပုဂ္ဂိုလ်ကို ကိုစောမောင် အသာထားနော်. . . (မှန်ပါ့)။

## နံနက်ပေါ်တတ်တဲ့စိတ်

ကိုယ့်သားသမီးအပေါ်တောင် (မစွဲရ ပါပါတယ်ဘုရား) ကျွေးတော့ကျွေးတာပဲတဲ့ ကျွေးပင်ကျွေးငြားသော်လည်း ဟင်- ငါမကျွေးဘဲထားဦးမယ် အစရှိသည်နဲ့ မပေးဘဲထားဦးမလား အင်း- ကျောင်းသွားခါနီး ပိုက်ဆံတောင်းတယ် ငွေတောင်းတယ် အစရှိသဖြင့် လာလို့ရှိရင်လည်း ချိုချိုသာသာနဲ့ ချိုချိုသာသာ မဟုတ်တာနဲ့ဟာ ချိုချိုသာသာ မဟုတ်တာက များတယ်. . . (မှန်ပါ့)။

မစွဲရ ပါတာတွေက များသကွ သဘောကျပြီလား (ကျပါတယ်ဘုရား) ဒါက မနက်ပိုင်း ပေါ်တတ်တဲ့စိတ်ကွ ဒကာမများမှာ မနက်တိုင်း ပေါ်တတ်တဲ့စိတ် သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

မနက်တိုင်း ဘယ်စိတ်ပေါ်တတ်တုံး (မစွဲရပါဘုရား)၊ မစွဲရစိတ်ပေါ်တယ်ကွ၊ ရှင်အနုရုဒ္ဓါရလို့ ဘုရားက ဆိုလိုက်တယ်။

## နေ့လည်ပေါ်တတ်တဲ့စိတ်

နေ့လည်ပိုင်း ကျလာပြီဆိုမှဖြင့် ကြွသာစိတ်ပေါ်ပြီ ဟော့ သူများသွားတာလာတာ ရောင်းတာ၊ ဝယ်တာ အစရှိသည်တို့ မြင်လိုက်လို့ရှိရင်ပဲ ကိုယ်လည်းရောင်းချင်၊ ဝယ်ချင်၊ ပြောချင်၊ ဆိုချင်ဆိုတဲ့ သူတစ်ပါးကို သိနိုင်ခဲ့တဲ့စိတ်ဟာ များသောအားဖြင့် နေ့လည်ကျတော့ ပေါ်တယ်ကွ။

ဘုရားက၊ ဘုရားက ဒကာဒကာမတို့ သူတစ်ပါးစိတ် သိလို့ ပြောနေတာနော် (မှန်ပါ့) နေ့လည်ကျတော့ ဘယ်စိတ်များတုံး. . . (ကြွသာစိတ်ပါဘုရား)။

ကြွသာစိတ်၊ ပြုစုတာများတယ်တဲ့ ကိုစောမောင် ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

မနက်ကျတော့ ဘာစိတ်ပေါ်တုံး. . . (မစ္ဆေရပါဘုရား) နေ့လည်ကျတော့ (ကြွသာပါဘုရား) ဒါ ဒီဃနိကာယ် အင်္ဂုတ္တိုရ်မှာ လာတာနော်။

ရှင်အနုရုဒ္ဓါ မသိလို့ မေးရှာတာ သူသိတာကတော့ အပါယ်သွားများတယ်လောက် သိတာပဲ ကိုစောမောင်ရ. . (မှန်ပါ့) မောင်နိုင် ဘာသိတုံး. . . (အပါယ်သွားတာပါဘုရား)။

အပါယ်သွားများတယ်တဲ့ သုဂတိသွား သိပ်နည်းတယ်လို့ သူဒီလိုသိတယ် ဒါဘယ်နှယ့်ကြောင့်တုံးဆိုတော့ သူက သူတစ်ပါးစိတ်သိတဲ့ဉာဏ် မရှိပြန်ဘူး၊ သူ့မှာ. (မှန်ပါ့)။

သွားတာ၊ လာတာတော့ သူသိတယ် သဘောပါကျ ပြီလား. . . (ကျပါပြီဘုရား) နေဝင်တော့လည်းတဲ့ နေဝင်တဲ့ အခါကျလို့ရှိရင်ဖြင့် နဖူးပေါ်လက်တင် စဉ်းစားလို့ ရှိရင်ဖြင့် ရရာရကြောင်း နက်ဖြန် လုပ်ရာလုပ်ကြောင်း၊ ငွေရှာရာ ငွေရှာကြောင်း သွားရာသွားကြောင်း ခိုင်းချင်တဲ့ ပုဂ္ဂိုလ်ခိုင်းရာခိုင်းကြောင်း အစရှိတော့ ငါးပါးအာရုံ ကာမဂုဏ်တွေက လာပြန်တယ်ကွ. . . (မှန်ပါ)။

## ညပိုင်းပေါ်တတ်ဘဲ့စိတ်

ညပိုင်းကျပြန်တော့လည်း. . . (ငါးပါးအာရုံ ကာမဂုဏ် လာပါတယ်ဘုရား) ညပိုင်းကျတော့ ဘာလာ သတဲ့. . . (ငါးပါးအာရုံ ကာမဂုဏ်ပါဘုရား) လောဘ စိတ်ကများနေပြန်တယ် သဘောကျလား. . . (ကျပါတယ် ဘုရား)။

ဟင်း- မနက်ပိုင်းကျတော့ ဘာတဲ့. . . (မစ္ဆေရပါ ဘုရား) နေ့လည်ပိုင်း. . . (ဣဿာပါဘုရား) ညပိုင်းကျ လာတော့ လောဘစိတ်ကများတယ်။

အဲဒါကြောင့် ဟောတဲ့များသောအားဖြင့် အပါယ် သွားတာ မင်းမြင်တဲ့အတိုင်းဟာ ဒီစိတ်သုံးခုကို မနိုင်နင်းတဲ့ အတွက် အပါယ်အသွားများတယ်လို့ ဒကာမများအတွက်ကို ဟောလိုက်တယ် သဘောကျလား. . . (ကျပါတယ်ဘုရား)။

အဲတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘယ်လို နှလုံးသွင်းပြီးသကာလ ဘယ်လိုလုပ်ရမယ်ဆိုတော့ ဘုန်းကြီး သင်ထားတာ ရှိသားပဲ ဘုရားဟောထားတာလည်း ရှိသားပဲ လာတော့ ကျွန်ုပ်တို့က ဩော်. . . မနက်ကို မရွှေရလာတယ် နေ့လည်ကို ကြသာလာတယ်၊ ညလောဘလာတယ်။

ညနေခင်း အိပ်ရာဝင် လောဘလာတယ်ဆိုတာကို သူများပြောဖြင့် ဒီဥစ္စာ မိန်းမရယ်လို့ ဖြစ်လာလို့ရှိရင် ဒါပေါ် ရမယ်. . . (မှန်ပါ့) သဘောကျလား. . . (ကျပါပြီဘုရား)။

## ဒီသုံးချက်ကြောင့် အပါယ်အသွားများတာ

ပေါ်လာတဲ့အခါကျတော့ ဘုန်းကြီးတို့ ဒကာဒကာမ တွေ အပါယ်သွားကြောင်း တားနိုင်တဲ့တရားက ရှိသားပဲ . . . (မှန်ပါ့)၊ သူ့ပင်ကိုကတော့ ရှိရမှာပဲ သဘောကော ကိုစောမောင်ရ သဘောကျကြလား. . . (ကျပါတယ်ဘုရား)

ပင်ကိုကတော့ ရှိရမယ် ဒကာဒကာမတို့နော် ပင်ကိုက ဒါရှိရမယ်၊ ရှိပင်ရှိငြားသော်လည်း ဒါက ဒီ "အသုတဝါ ပုထုဇနော" ဆိုတဲ့အတိုင်း အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာတော့ ဒါ ဒကာမတို့ ထုံးတမ်းကွ. . . (မှန်ပါ့)။

ဘုရားက ဟောလိုက်တယ် မောင်နိုင် အကြားအမြင် မရှိတဲ့ ပုဂ္ဂိုလ်မှာ (ဒကာမတို့ ထုံးတမ်းပါဘုရား) တရားခမ္မ

နှလုံးမသွင်းနိုင်လို့ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒကာ ဒကာမတို့ ဒါ ထုံးတမ်းပဲတဲ့နော်. . . (မှန်ပါ့)

ဒါကြောင့် ရှင်အနုရုဒ္ဓါမြင်ပုံဟာ အဘိညာဉ်နဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ မောင်နိုင် ဒီသုံးချက်များသောအားဖြင့် အပါယ်သွားတာချည်း သူမြင်နေတယ်ဆိုတာလည်း ဒီသုံးချက်ကသာ အပါယ်သွား ကြောင်းချည်းပဲဆိုတာ ဒကာဒကာမတို့ ငြင်းဆန်မနေပါနဲ့ တော့ အမှန်ပဲ၊ သဘောပါပြီလား (ပါပါတယ်ဘုရား)။

## ဆရာတော်၏အဆုံးအမ

အဲတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေကို ဆုံးမ သွန်သင်တယ် ဒကာဒကာမတို့ ဣဿာနေ့လည်မှာ မစ္ဆေရ လာတယ်ဆိုတာ မစ္ဆေရဆိုတာ ဘာရယ်လို့ တွေးမနေနဲ့ မစ္ဆေရဆိုတာ ဝန်တိုတာပဲ သဘောကျလား. . . (ကျပါတယ် ဘုရား)

ဝန်တိုတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒေါသ၊ ဣဿာ၊ မစ္ဆေရဆိုတာ ဒေါသလာတာပဲလို့ပဲ မှတ်လိုက်ပေါ့ (မှန်ပါ့) ဘာလာပါလိမ့်. . . (ဒေါသလာပါတယ်ဘုရား)

အင်း- ဒေါသလာတော့ အဲဒီဝန်တိုတဲ့ ဒေါသလေး လာလို့ရှိရင် အဲဒီဒေါသကို ဒကာဒကာမတွေက အင်း-

သူထုံးတမ်းကတော့ လာတာပဲ အင်း-အလာမခံဘူးဟဲ့ဆိုပြီး သကာလ၊ ဒဲကာဒကာမတွေက လာတာသိပြီး သကာလ ကိုစောမောင် ဖြစ်ပျက်ရှု. . . (မှန်ပါ့) သဘောကျလား. . . (ကျပါတယ်ဘုရား)။

## နိဗ္ဗာန်ပို့တဲ့တရားဖြစ်သွားတယ်

ဖြစ်ပျက်ထိုကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ကို သူက အပါယ်ချမည့်တရားသည်ပင်လျှင် နိဗ္ဗာန်ပို့တဲ့ တရား သွားဖြစ်တယ်. . . (မှန်ပါ့) အပါယ်ချမည့်တရားက ဘာသွားဖြစ်တုံး (နိဗ္ဗာန်ပို့တဲ့တရား ဖြစ်သွားပါတယ်ဘုရား)။

နိဗ္ဗာန်ပို့တဲ့ တရားသွားဖြစ်တယ်တဲ့ မဂ္ဂင်လေး နောက်ကလိုက်ပေးကြတာပေါ့ ရှင်းကြပြီလား. . . (ရှင်းပါပြီ ဘုရား)။

ဘာလုပ်ပေးကြမယ် (မဂ္ဂင်လေး လိုက်ပေးရမယ် ဘုရား) မစ္ဆေရပေါ်လာရင် ဘာလုပ်ကြမယ်. . . (ဖြစ်ပျက် ရှုပေးရပါမယ်ဘုရား) ဖြစ်ပျက်ရှုပေး။

ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဖြစ်ပြီးပျက်တဲ့တရား က အနိစ္စတရား သဘောကျလား. . . (ကျပါတယ်ဘုရား) ဖြစ်ပျက်ကို သိတဲ့တရားက မဂ္ဂတရား မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒီလိုကျတော့ ဩော်-သူ့ထုံးတမ်းက ခုပေါ်လာတာပဲ မိန်းမတို့၏ ဓမ္မတာထုံးတမ်းအတိုင်း ပေါ်လာတာပဲ ပေါ်လာပင် ပေါ်လာငြားသော်လည်း တို့. . . သုတဝါ အရိယာသာဝကော ဖြစ်နေသောကြောင့် အရိယာ၏ တပည့်သားတွေ ဖြစ်နေကြသောကြောင့် ဒါ ဖြစ်ပျက်ရှုလိုက်ပြန်တော့လည်းတဲ့ ဒါ ဒေါသပါပဲတဲ့ မဇ္ဈေရ ဆိုတာ ဒေါသနဲ့ဆင်တယ်နော်. . . (မှန်ပါ့)။

ဒါ ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်သွားတဲ့အခါကျလို့ရှိရင် ဒေါသ နောက်ကနေပြီးသောက ပရိဒေဝ ဆူစရာပူစရာတွေ လာသေးရဲ့လား. . . (မလာတော့ပါဘုရား)။

မလာပြန်တော့လည်း ဒါအပယ်တံခါး ပိတ်တာ. . (မှန်ပါ့) ရှင်းကြလား. . . (ရှင်းပါတယ်ဘုရား) ဒါ တရားရှာနေရမှာလား၊ မိန်းမတို့၏ ဓမ္မတာမှာကို ဒါပေါ်တတ်တာလား. . . (ပေါ်တတ်တာပါဘုရား)။

ပေါ်တတ်တော့ကို ဒါတွေကို သုတဝါ အကြားအမြင်ရှိသော အရိယာသာဝကော အရိယာတို့၏ တပည့်သားများ ဖြစ်ခဲ့လို့ရှိရင် ဒါ ဒီလိုလုပ်လိုက် ပြီးသွားတာပဲကွလို့ ဘုရားက ရှင်းကြလား. . . (ရှင်းပါတယ်ဘုရား) မပြီးသေးဘူးလား (ပြီးပါတယ်ဘုရား)။

ကဲ-ဒါဖြင့် မဇ္ဈေရလာ မဇ္ဈေရလာရင် ဘာလုပ်ကြမယ် ဖြစ်ပျက်ရှုရပါမယ်ဘုရား။

အဲ-မစ္ဆေရနဲ့ တစ်ခါတည်း မပေးချင်၊ မကမ်းချင်နဲ့ ကိုယ့်သားသမီးတောင် မသထာတဲ့ စိတ်တွေက ပေါ်ရင် ပေါ်နေတယ် ကိုစောမောင် ပေါ်တတ်တယ်. . . . (ပေါ်တတ်ပါတယ်ဘုရား)။

ပေါ်တတ်တဲ့အခါကျလို့ရှိရင်ဖြင့် မိုးမှ မလင်းသေးဘူး မုန့်ဖိုးတောင်းတာက စောလှချည့် ဟုတ်လား၊ ဆူတာပူတာက စောလှချည့်လို့ မလာတတ်ဘူးလား. . . (လာတတ်ပါတယ်ဘုရား)။

## ပေါ်တဲ့စိတ်ကိုဖြစ်ပျက်ရှု

အဲဒီ-လာလို့ရှိရင် ဒါမစ္ဆေရ သဘောမပါလား. . . (ပါပါတယ်ဘုရား) ပါလို့ရှိရင် အဲ့ဒီပေါ်တဲ့စိတ်ကလေး ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်သွားပြန်လို့ရှိရင်လည်း ဩော်. . . သူပေါ်လာတာသည် မိန်းမတို့၏ ထုံးစံအတိုင်း ပေါ်ပြီးသကာလ လာတာသည် တို့ သုတဝါ အရိယာ သာဝကော ဘုရားဆုံးမထားတဲ့ အတိုင်း နှလုံးသွင်းလိုက်ပြန်ရင်လည်း တို့ ဒါ နိဗ္ဗာန် ရောက်ကြောင်း ဖြစ်သွားတာပဲဆိုပြီး ဒကာဒကာမတို့ ဘုရားကရှင်အနုရုဒ္ဓါမေးလို့ ဘုရားက ဖြေတာကို ဘုန်းကြီးက တစ်ခါ အဲဒီဝိပဿနာနဲ့ လက်စသတ်ပေးလိုက်ပြန်တော့လည်း

မောင်နိုင်ရေ ဒီဥစ္စာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားတယ်. . (မှန်ပါ့)။

သဘောကျကြပလား. . (ကျပါတယ်ဘုရား)၊ ဒါဖြင့် ဒီအလုပ်ဟာ ဒကာဒကာမတို့ ရှာလုပ်ရမှာလား သူ့သဘောနဲ့သူ ပေါ်လာတာကိုပဲ နောက်ကနေပြီး သကာလ ဖြစ်မှုလိုက်ရမှာလားလို့မေးရင် ဘယ်နှယ့်ဖြေကြမယ်. . . (နောက်ကနေပြီး ဖြစ်မှုလိုက်ရမှာပါဘုရား)။

ဒကာမတိုင်းမှာ များသောအားဖြင့် လာတယ်လို့ ရှင်အနုရုဒ္ဓါကမေးလို့ဘုရားကဖြေတာ (မှန်ပါ့) ကိုပေါ် ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ကိုင်း တစ်ဖန် နေ့လည်ကျပြန်တော့ မောင်နိုင် ဘာလာသတဲ့ကွ (ကြွသာလာပါတယ်ဘုရား) ကြွသာဖြူစူတယ် သူများ ရောင်းတာဝယ်တာတွေ သွားကြ၊ လာကြတာတွေ ကြည့်ပြီး တို့အိမ်က လူများဖြင့် ဘယ်လိုပဲ ညာလိုပဲ အစရှိသည်နဲ့ ကိုစောမောင် လာတတ် မလာတတ်. . . (လာတတ်ပါတယ်ဘုရား)။

## နေ့လည်မှာ ဖြူစူတတ်တယ်

ခံရပြီတဲ့ ဒကာတွေလည်း နည်းလှမယ် မဟုတ်ပါဘူး. . . (မှန်ပါ့) အဲ သူများ သွားကြ၊ လာကြ၊ ရကြစုကြနဲ့ တို့အိမ်ကလူဖြင့် ဒီလိုထိုင်နေတာဘာများ စဉ်းစား

နေတယ်ပြောကို မပြောတတ်ပါဘူး အစရှိသည်နဲ့ပေါ့ဗျာ (မှန်ပါ့)။

ပြောချင်လည်း ပြောမယ်ကိုစောမောင် (မှန်ပါ့) မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား) မပြောရင်လည်း သူသည် နှုတ်ခမ်းစူရုံလောက်၊ မျက်စောင်းထိုးရုံလောက် ကွယ်ရာကနေပြီးသကာလ မျက်ရိပ်မျက်ချည်ပြတာက များတယ်၊ ကိုယ့်သူငယ်ချင်း လက်တို့ပြီး ပြောလိုက်တဲ့ သဘောမျိုးမလာတတ်ဘူးလား. . . (လာတတ်ပါတယ်ဘုရား)

ထိုကဲ့သို့လာတော့ ဒါဘာတရားလို့ ဆိုကြမယ်. . . (ဣဿာ တရားပါဘုရား) အဲဒီတရား လာကြလို့ရှိရင်လည်း ဒကာဒကာမတို့ ဣဿာဟာ ဒေါသပဲလို့ မှတ်လိုက်ပါ. . . (မှန်ပါ့)။

ဒေါသ၊ ဣဿာ၊ မစ္ဆေရဆိုတဲ့ဥစ္စာ ဒေါသအတွင်းမှ ဖြစ်နေတာကို အဲဒါတွေ လုပ်လိုက်ပြန်တော့ ပေါ်လာလို့ရှိရင်လည်း ဒကာဒကာမတို့ ကဲ ဒါဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရမယ်)။

## ဖြစ်ပျက်ရှုလိုက်တော့ မဂ္ဂင်တံခါးဝရောက်တယ်

အင်း. . ဖြစ်ပျက်ရှုလိုက်ပြန်တော့ ဩော်. . . အပါယ်သွားဖို့လာတဲ့တရားပဲ တို့မိန်းမတို့၏ ထုံးတမ်းနော်

နိဗ္ဗာန်တံခါး ဖွင့်ပေးလိုက်မယ်ဆိုတော့ မဂ္ဂင်တံခါးဝ ရောက်သွားတယ်. . . (မှန်ပါ့) မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)

အဲဒီလို ပြင်လိုက်ဆင်လိုက်ပြန်တော့လည်း သုတဝါ အရိယာ သာဝကောကျတော့ မသွားပါဘူးကွာ ဘုရားက ကိုစံလှ ကျေနပ်လား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒါမိန်းမဘက်ကနေ ပြောနေတာပါ ယောကျ်ားဘက် လာလိမ့်ဦးမယ် သဘောပါကြပြီလား. . . (ပါပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် နဖူးပေါ် လက်တင်အိပ်ရာဝင် စဉ်းစားတဲ့အခါကျတော့ ဆိုရင်ပဲ အဝယ်အကြောင်းရှေ့ကို ငွေအကြောင်းဆိုတဲ့ရရာရကြောင်းဆိုတဲ့ လောဘအာရုံတွေ မလာဘူးလား. . . (လာပါတယ်ဘုရား)။

အင်း. . . ထိုကဲ့သို့ လာတဲ့လောဘကိုလည်း ဒကာ ဒကာမတို့ ကုတ္တိယသဘောရှိလို့ မိန်းမတို့၏ အမူအရာ ထုံးစံ ပဋိသန္ဓေက ပစ်ချကတည်းက ဒီတရားသုံးခုက ပါလာတယ် . . . (မှန်ပါ့) သဘောပါကြလား. . . (ပါပါတယ် ဘုရား)။

ဒါ အမူအရာ မပြောင်းရင်များသောအားဖြင့် ဒီဉစ္စာ လာရမယ်လို့ မောင်နိုင်က မှတ်ထားပါ. . . (မှန်ပါ့)။

## ဒကာမတွေအတွက်ဘုရားကဟောနေတာ

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သူတစ်ပါးစိတ်ကို သိတဲ့ဉာဏ်နဲ့ဟောတယ် ဆိုတာလည်း ခင်ဗျားတို့ ဘာမှ သံသယမရှိနဲ့တော့နော်. . . (မှန်ပါ့)။

အလုံးစုံသိတဲ့ ကိုယ်တော်ကြီးကို ကိုစောမောင်ရ (မှန်ပါ့) မသိတာ ရှိရဲ့လား. . . (မရှိပါဘူးဘုရား) အဲ့ဒါ ကြောင့် အဲ့ဒီလောဘလာလည်း ခင်ဗျားတို့က ဒကာမတွေ ဘက်က ဘာလုပ်ကြမတုံး. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ သူကဖြစ်ပျက်ရှုတာက မဂ် ဆိုပြန်တော့လည်း အပါယ်သွားမလို့ဟာ နိဗ္ဗာန်တံခါးဝကို ရောက်သွားတယ် (မှန်ပါ့) မရောက်ဘူးလား. . . (ရောက် ပါတယ်ဘုရား)။

အဲဒီလိုပြန်ပြီး သိမ်းလိုက်ပြန်လို့ ရှိရင်လည်း ဒကာမ တို့ ကိုယ်လိုရာခရီးကို အရောက်ပြီးမြောက်တယ်လို့ပဲ ဆုံးဖြတ်ချက် ချကြပါ (မှန်ပါ့)။

မောင်နိုင် လုပ်တတ်ပြီလား. . . (လုပ်တတ်ပါတယ် ဘုရား) နောက်က ဒကာမတွေ လုပ်တတ်ပလား. . . (လုပ်တတ်ပါတယ်ဘုရား)။

ဒါက ဘယ်သူ့အတွက်မှ ဟောတာမဟုတ်ဘူး ဒကာမတွေအတွက်တင် ဟောနေတာ. . . (တင်ပါ့)၊ ကျေနပ်ကြလား. . . (ကျေနပ်ပါတယ်ဘုရား)။

## ရှင်အနုရုဒ္ဓါကဒိဗ္ဗစက္ခုအဘိညာဉ်ရတယ်

များသောအားဖြင့်တဲ့နော် ဒါ ရှင်အနုရုဒ္ဓါကလည်း မောင်နိုင် ဒိဗ္ဗစက္ခုဆိုတာက မြင်သနော်. . . (မှန်ပါ့)။

ဒီဒကာမသေရင် ဘယ်သွားတယ် ဒီဒကာမသေရင် ဘယ်သွားတယ်။ သူက အဘိညာဉ်နဲ့ မကြည့်ရရင် မနေနိုင်တဲ့ ပုဂ္ဂိုလ်. . . (မှန်ပါ့)။

အရေးရှိလို့ အားလို့ရှိရင်ဖြင့် ဈာန်ဝင်စားပြီး ဒီ အဘိညာဉ်နဲ့ ကြည့်တာပဲ ဘယ်သူ ဘယ်သွားတုံး ဘယ်သူ ဘာဖြစ်နေတုံး ကိုစောမောင် သူက အဘိညာဉ်မြင် ဧတဒဂ် ရကိုဗျ၊ ဧတဒဂ်ရဆိုတာ သူလောက်ကြည့်နိုင်တဲ့သူမရှိဘူး ပြောတာ. . . (မှန်ပါ့) သဘောပါကျလား. . . (ပါပါတယ် ဘုရား)။

## ဒကာမတွေ အပါယ်အသွား များတာဘာ့ကြောင့် တုံး

အဲဒီပုဂ္ဂိုလ်က ဒကာမတွေ သေလို့ရှိရင် အပါယ်သွား များတာဟာ ဘယ်အကြောင်းပါတုန်းလို့ ဘုရားလျှောက် တယ်၊ လျှောက်တော့ ဒီတရား သုံးခုကွ။

စောစောမှာ မစ္ဆေရ လာတတ်တယ် နေ့လည်မှာ ကြဿလာတယ် ညဘက်မှာ လောဘလာတတ်တယ် ကိုစံလှ ကျေနပ်လား. . . (ကျေနပ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ လာတတ်သောကြောင့် များသောအားဖြင့် အပါယ်သွားတယ်ဆိုတဲ့ဥစ္စာ၊ ဒကာဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဖြေတာနဲ့ပဲ ပုထုဇဉ်တွေနဲ့ အကိုက် သား. . . . (မှန်ပါ့) ကျေနပ်ကြပြီလား. . . (ကျေနပ် ပါတယ်ဘုရား)။

တစ်ခါ အဲဒါတင် ကျေနပ်လို့ မဖြစ်သေးဘူး အလုပ် တရား တိုးတာကလေးကိုလည်း ဩော်. . . တို့ဟာ ဒီအလုပ် လုပ်မှပါပဲလား ဆိုတာလည်း ရှာလုပ်ရမဲ့အလုပ်မဟုတ်ဘူး ဆိုတာကိုလည်း ကိုစောမောင် ပေါ်လာပြီ. . . (ပေါ်လာ ပါတယ်ဘုရား)။

## ဒီတရားသုံးခုကို ရှုဖြစ်အောင်ရှုကြပါ

ဘယ်လိုပေါ်လာပါလိမ့်. . . (ရှာလုပ်ရမှာ မဟုတ် ပါဘုရား) တရားရှာပြီးသကာလ လုပ်ရမဲ့အလုပ် မဟုတ် ပါဘူးဆိုတာ ဒကာဒကာမတွေ ကိုယ်မိန်းမ ဖြစ်လာကတည်း က ဒီတရားသုံးခု လွှမ်းမိုးလာတယ်ဆိုတဲ့ဥစ္စာ ဘုရားက သိတယ်။

သိတော့ ဒီတရားသုံးခုဟာ ရှုနိုင်သလောက် ရှုလိုက် ပြန်လို့ရှိရင်လည်း မဂ်ဆိုက်နိုင်သလောက် ဆိုက်လိမ့်မယ် ဆိုတာလည်း ဒကာဒကာမတွေ မငြင်းဆန်နဲ့တော့ အမှန်ဘဲ လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)။

ကိုစောမောင် ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ် ဘုရား) ဒီဘက်က ဒကာဒကာမတွေ ကျေနပ်ကြလား. . . (ကျေနပ်ပါတယ်ဘုရား) လုပ်တတ်ကြပြီလား. . . (လုပ်တတ်ပါပြီဘုရား)။

လုပ်ဖြစ်အောင် လုပ်ပါလို့ လေးစားစွာနဲ့ပဲ ဒါ အမြင် ယူပြောတဲ့ပုဂ္ဂိုလ်နဲ့ မြင်တာပဲ၊ ရှင်အနုရုဒ္ဓါကလည်း မောင်နိုင် ဘယ်သွားတာချည်း သူမြင်သတဲ့တုံး. . . (အပါယ်သွားတာ ပါဘုရား)။

ဒကာမတွေ သေတဲ့အခါ သူ့အဘိညာဉ်နဲ့ ကြည့် တယ်တဲ့ တစ်နေ့လုံးလျှောက်ပြီးကြည့်တယ် များသောအား ဖြင့် အပါယ်ချည့်သွားကြတာပဲ အဲဒါဘယ်အကြောင်းတုံး ဆိုတဲ့ဥစ္စာ မမေးသင့်ဘူးလား. . . (မေးသင့်ပါတယ်ဘုရား)။

မေးတော့ကို မေးချင်လို့မေးတာလားဆိုတော့ ဒကာ မတွေ ပေါ်တဲ့စိတ်ကို သူကမသိဘူး သွားတာသာ သိတယ် (မှန်ပါ့) သဘောကျလား. . . (ကျပါတယ်ဘုရား)။

အဲဒါကြောင့် မမေးသင့်ဘူးလား. . . (မေးသင့်ပါ တယ်) ဘုရားက ဘယ်လိုပိုသိတုံးဆိုတော့ ဒကာမတွေ သန္တာန်များသောအားဖြင့် ပေါ်တတ်တဲ့စိတ်ကို သူသိတယ် (မှန်ပါ့) မသိဘူးလား (သိပါတယ်ဘုရား)။

အဲဒီကဲ့သို့ သိတဲ့အတွက် ဒီစိတ်တွေကို များသော အားဖြင့် ဒီစိတ်တွေ အပေါ်များသောကြောင့် ဤကဲ့သို့

အပါယ်အသွားများတယ်လို့ ဘုရားက အဖြေထုတ်လိုက်တယ်. . . (မှန်ပါ့)။

## ပေါ်နေကျတရားကနိဗ္ဗာန်ပို့မယ်

တစ်ခါ ဘုန်းကြီးကနေပြီး ဒကာဒကာမတွေ တစ်ခါဘုရားများက ဟောထားတဲ့ တစ်နေရာကကြည့်ပြီး သကာလနေသောကြောင့် ဝိပဿနာမှာ ဟောထားတဲ့တရားရှိနေသောကြောင့် ဒကာဒကာမတို့ ဒီလိုပြန်ပြီးသကာလ အလုပ်လုပ်လိုက်ပြန်လို့ရှိရင်လည်း ခင်ဗျားတို့ ပေါ်နေကျ တရားကနိဗ္ဗာန်ပို့ပါလိမ့်မယ်. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့် (ပေါ်နေကျ တရားက နိဗ္ဗာန်ပို့ပါလိမ့်မယ်) ပေါ်နေကျတရားက နိဗ္ဗာန်ပို့ပါလိမ့်မယ်ဆိုတဲ့ဥစ္စာသြော်-တို့တရားရှာစရာမရှိပါဘူးတဲ့၊ ရှုစရာ ခဏခဏပေါ်လေ့ရှိပါလားဆိုတာလည်း ကိုစံလှ ခန္ဓာက သက်သေခံ (မှန်ပါ့) မခံပေဘူးလား. . . (ခံပါတယ်ဘုရား)။

အဲဒါကြောင့် လေးလေးစားစား မှတ်ပါ ဒီသုံးခု ဒကာမ မှန်လို့ရှိရင် များသောအားဖြင့် ဒီသုံးခု လာရမယ် (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ရှင်အနုရုဒ္ဓါကို ဒကာတွေအတွက် ဒီသုတ်နဲ့ပဲဆက်ပြီးသကာလ ဟောပြန်တယ်။ အရှင်ဘုရား ဒကာတွေအတွက်တော့လည်း ဒကာတွေအပါယ်သွားတာ

ကတော့ ဘယ်လိုကြောင့်များ သူတို့လည်း သွားပြန်တော့ သွားကြတာချည့်ပဲ ဒကာမများလောက်တော့ မများတာ အဲဒါ တွေကျတော့ ဘယ်နဲ့ကြောင့်တုံး ပရစိတ္တဝိဇာနနညာဏ် မရပြန်တော့ မေးရပေဘူးလား. . . (မေးရပါတယ်ဘုရား)

ဒကာဒကာမတွေ ဒါ ဒကာတွေအတွက် ရှင်းပြီလား (ရှင်းပါပြီဘုရား) ဘယ်သူ့အတွက် ဟောနေတာလဲ . . . . (ဒကာတွေအတွက်ပါဘုရား)။

ဒကာတွေအတွက် ရှင်အနုရုဒ္ဓါကတော့ ကို စောမောင် ကြည့်မှာပဲ သူက အဘိညာဉ် နေရာမှာ ဇေတဂ် ရဖြစ်နေတော့ သူ့အလုပ်က ဒီအလုပ်ပဲရှိတယ်. . . (မှန်ပါ့)

သူကတော့ ဒကာဒကာမတို့ အဘိညာဉ် နေရာမှာ ဖြင့် သူလိုကြည့်တဲ့ပုဂ္ဂိုလ်ရှိကိုမရှိဘူး အားတယ်ဆိုရင် အဘိညာဉ် ဝင်စားပြီးကြည့်နေတာပဲ သူကတော့. . . ။

အဲ့တော့ကိုတဲ့ သူ့ကိုယ်တိုင်ကိုပဲ သူမသိဘဲ ဖြစ်နေ တယ်။

ရှင်အနုရုဒ္ဓါဆိုတာ ဒကာဒကာမတွေ သိတဲ့အတိုင်းပဲ ယောကျ်ားပဲနော် သူ့ကိုယ်တိုင်ကိုပဲမသိဘဲဖြစ်နေတော့ သူက ဒီတစ်ခါတော့ ဘုရားမလျှောက်ဘူး ကိုစောမောင် ရှင်သာရိ ပုတ္တရာ လျှောက်တယ် . . . (တင်ပါ့)။

## ရှင်အနုရုဒ္ဓါမှာ အာသဝေါမကုန်သေးဘူး။

ရှင်သာရိပုတ္တရာ လျှောက်တယ် တပည့်တော်ဘုရား တစ်နေ့လုံးဟာ အဘိညာဉ် ဝင်စားနေတာကများပါတယ် အဘိညာဉ်ဝင်စားတဲ့ အဘိညာဉ်ဝင်စားဆိုတာက ကြည့်နေတာပေါ့ မောင်နိုင်ရ။

ဘယ်ပုဂ္ဂိုလ် ဘယ်သွားတယ် ဆိုတဲ့ အဘိညာဉ်တွေနဲ့ လျှောက်ကြည့်နေတာပဲနော် . . . (မှန်ပါ့) ဤကဲ့သို့ ကြည့်ပြီးသကာလ တပည့်တော်မှာ သတိတွေ သမာဓိတွေ ပညာတွေ အင်မတန်ကောင်းလို့ ဒီအဘိညာဉ်က ပေါ်လာတာပါပဲတဲ့ ထိုကဲ့သို့ ပေါ်ငြားသော်လည်း တပည့်တော်မှာတော့ဖြင့် ယောက်ျားလည်း ဖြစ်ပါတယ်။ အာသဝေါ မကုန်ဘဲ ဖြစ်နေတယ်။

## သောတာပန်လောက်တော့ တည်တယ်

ဒကာ ဒကာမတို့ သူကိုယ်တိုင် အာသဝေါ မကုန်ဘူးတဲ့ . . . (တင်ပါ့) သာမည သောတာပန် လောက်တော့ ဖြစ်တာပေါ့ဗျာ . . . (မှန်ပါ့)။

ဒီအဘိညာဉ်ဆိုတာက မောင်နိုင်ရ လူတိုင်း ရှာန်လမ်းကနေ တက်တာဖြစ်နေတော့ ရတာပဲ . . . (မှန်ပါ့)။

အာသဝေါ မကုန်တာ ကုန်တာ လိုရင်း မဟုတ်ဘူး သဘောကျလား (ကျပါတယ်ဘုရား) အာသဝေါ ကုန်တာ မကုန်တာ လိုရင်း ဟုတ်ပါရဲ့လား (မဟုတ်ပါဘူးဘုရား)။

အဘိညာဉ်က လောကီစျာန်က တက်လာတာ ဖြစ်နေတော့ စျာန်ကနေ ကြိုးစား ကြိုးစားတော့ အဘိညာဉ် ရတာပဲ ဆုတောင်းပါရမီကံက ရတာပဲ . . . (မှန်ပါ့) သဘော ပါလား . . . (ပါ ပါတယ်ဘုရား)။

**ရှင်အနုရုဒ္ဓါကရှင်သာရိပုတ္တာရာကိုလျှောက်ထားတယ်**

အဲဒီတော့ တပည့်တော် ကိုယ်တိုင်ပဲ အဘိညာဉ် တွေနဲ့ ကြည့်ပြီးနေလျက် ရှိပါတယ်တဲ့၊ ကြည့်တဲ့အခါ သတိ လည်း မလိုပါဘူး ဝီရိယလည်း မလိုပါဘူး ဘုရားတဲ့၊ ထိုသို့ ဖြစ်ပြီး သကာလ နေငြားသော်လည်း တပည့်တော်မှာ အာသဝေါ တရားလေးပါးက မကုန်ဘဲဖြစ်နေတော့ အဲ့ဒါ ရှင်သာရိပုတ္တရာ ရှင်းပေးပါ။

**မာနခံနေလို့ အာသဝေါမကုန်တာ**

ဒါ- ယောက်ျားဘက်က သူမေးလိုက်တာ . . . (မှန်ပါ့) အဲ့ဒီတင်မှ ရှင်သာရိပုတ္တရာက ငါသာလျှင် အဘိ ညာဉ် ကြည့်နိုင်ဆုံးဆိုတာ မင်း မာနခံနေတယ် သဘောကျ လား . . . (သဘောကျပါတယ် ဘုရား)။

ငါအဘိညာဉ် ကြည့်နိုင်ဆုံးပဲ ပုဂ္ဂိုလ်ပဲဆိုပြီး မာနခံနေတယ် အဲဒီမာန မင်းဖြစ်ပျက်ရှုမှဆိုတာ ယောဂီများမှာလည်း မာနတဲ့ ဒကာဒကာမတို့ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဘယ်သူလုပ်တာမှ သဘောမကျဘူး ကိုယ်တိုင်ခါးတောင်းကျိုက်ပြီး ထလုပ်ချင်တယ် . . . (မှန်ပါ့) ဘယ်သူကျောက်ကြည့်တာကိုမှ သဘောမကျဘူး ကိုယ်ကြည့်ရမှကိုယ်ကျေနပ်တယ် . . . (မှန်ပါ) ဆိုတဲ့ မာနကကော မလာဘူးလား (လာပါတယ်ဘုရား)။

အဲတော့ ယောဂီများမှာတော့ကွာတဲ့ မာနထက်တယ်သဘောပါလား . . . (ပါပါတယ်ဘုရား) ယောဂီများမှာဘာထက်ပါတုံး . . . (မာနထက်ပါတယ်ဘုရား) အားလုံးထဲမှာ သူများလုပ်နေတာကို အားမရတဲ့စိတ်ကလည်း ခဏခဏပေါ်တယ် . . . (မှန်ပါ့)။

မပေါ်ကြဘူးလား . . . (ပေါ်ပါတယ်ဘုရား) အဲတော့ ဘာထင်ကြတုံး . . . (မာနပါဘုရား) . . . ကြီးပြင်းတဲ့ ကရုဏာပဲလား . . . ငါလုပ် ခံနိုင်ရိုးလားဆိုတာလားဆိုတာလည်း ကိုယ်တိုင်စဉ်းစားကြည့်တာပေါ့ . . . (မှန်ပါ့)။

ဘာပေါ်လာတုံး . . . (မာနပေါ်လာပါတယ်ဘုရား) ငါလုပ်ခံနိုင်ရိုးလားဆိုတဲ့ မာနက ယောဂီများမှာ

များတယ်ကွတဲ့ ကိုစောမောင် ကျေနပ်လား . . . (ကျေနပ်ပါတယ်ဘုရား)။

## မာနပေါ် တိုင်းဖြစ်ပျက်ရှုပါ

ဒါဖြင့် ယောကျ်ားကတော့ ဘာရှုရမယ်ဆိုတာလည်း ခုနက ပြောတဲ့အတိုင်းပဲ မာနပေါ် တိုင်း ပေါ် တိုင်း ဘာလုပ်ရမယ်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ကိုစံလှရေ ယောကျ်ားမလာတတ်ဘူးလား. . . (လာတတ်ပါတယ်ဘုရား) ပြောလာကတည်းကိုက သူများလုပ်နေတာကို ကျေနပ်တဲ့သဘော တယ်ပါခဲ့တယ်. . . (မှန်ပါ့) ကိုစောမောင် (မှန်ပါ့) သူများလုပ်နေတာကို . . . (မကျေနပ်တဲ့သဘောပါဘုရား)။

ကျေနပ်တဲ့သဘောက တယ်ပါခဲ့တယ်၊ ကိုယ်တိုင်လည်း ထပြီး သကာလ သူတို့လုပ်နေတာ မထိမခိုက် မိန်းမလို မိန်းမရရှိလိုက်တာကွာ မင်းတို့ လုပ်နေတဲ့အဖြစ်ဟာ ဒီလိုကော မလာတတ်ဘူးလား (လာတတ်ပါတယ်ဘုရား)။

## ဒါတွေကြောင့်အပါယ်သွားတာ

မင်းတို့လုပ်လို့ တစ်နေ့လုံးလုပ်လို့ပြီးမှာမဟုတ်ပါဘူး အစရှိသည်နဲ့ ဒကာ ဒကာမတို့ ယောကျ်ားဘက်ကတော့ ဘာလာလေ့ရှိတုံး. . . (မာနလာလေ့ရှိပါတယ်ဘုရား)။

မာနလာလေ့ရှိသောကြောင့် ယောကျ်ားများ အပါယ် သွားတာ ဒါတွေကြောင့်သွားတာ. . . (မှန်ပါ့) ရိပ်မိကြပလား. . (ရိပ်မိပါတယ်ဘုရား)။

ကိုစံလှ, ကိုင်း ဒါ ဘာလုပ်ရမတုံး (ဖြစ်ပျက်ရှုရမှာပါဘုရား) မာနပေါ်တိုင်း ပေါ်တိုင်း ကိုစောမောင် ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

မာန တလူလူ ဒိဋ္ဌိက အုပ်ချုပ်လျက်ရှိတယ် မာနလာလို့ရှိရင် ဒိဋ္ဌိက ပါပါလာတာ ရှင်းပြီလား. . . (ရှင်းပါတယ်ဘုရား)။

မာနနဲ့ ဒိဋ္ဌိက တွဲလျက်နေ၌ . . . (မှန်ပါ့) မာနနဲ့ ဒိဋ္ဌိက တွဲလျက်ဖြစ်ပြီးသကာလ နေတော့ ယောကျ်ားများကျတော့ ငါဆိုတဲ့ ဥစ္စာနဲ့ ဟာက "ငါ" ဆိုတာ ဒိဋ္ဌိဘက်ဆင်းတယ် (မှန်ပါ့) မာနကကော. . . (ဒိဋ္ဌိဘက်ပါဘုရား)။

အဲဒီလို တွဲတွဲလာတယ်ကွတဲ့ ယောကျ်ားတွေမှာလည်း သဘောပါကျလား (ပါပါတယ်ဘုရား) အဲဒါကြောင့် ဘာလုပ်ကြရမလဲလို့ မေးလို့ရှိရင်ဖြင့် ယောကျ်ားများမှာ သူ့ပင်ကိုသဘောကိုက ဒီတရားကို ရှေးဦးစွာ ပေါ်တတ်တဲ့ တရား (မှန်ပါ့) သဘောငါကျလား. . . (ပါပါတယ်ဘုရား)

ယောကျ်ား ဘယ်တရား ရှေးဦးစွာ ပေါ်တတ်တုံး. . (မာနတရားပါဘုရား) မာနတရား ရှေးဦးစွာ ပေါ်တတ်တဲ့

အတွက် ဘယ်ဟာ ကြည့်လိုက်ကြည့်လိုက် သူများလုပ်နေတာ ကိုယ်နဲ့မဆိုင်တာတောင်မှ ငါလုပ်ရင် ပြီးလောက်ပြီ ဒီလိုလာချင်လာတယ်. . . (မှန်ပါ့) မလာဘူးလား. . . (လာပါတယ်ဘုရား)။

ငါပြောရင် ပြီးလောက်ပြီလို့ကော. . . (လာပါတယ်ဘုရား) လာချင်လာတတ်တယ်ဆိုတော့ အင်း ယောကျ်ားမှာတော့ ကိုမြင့်တို့ ဘယ်သူဦးစီးပြီး (မာနပါဘုရား) ကိုပေါ်ကျေနပ်ပြီလား (ကျေနပ်ပါတယ်ဘုရား)။

ဟုတ်ကော ဟုတ်ကဲ့လား (ဟုတ်ပါတယ်) ဒီဥစ္စာရှင်သာရိပုတ္တရာပဲ ကိုစောမောင်ရဲ့ သူလည်း ဘုရားအောက်တစ်ယောက်တည်းရှိတဲ့ပုဂ္ဂိုလ်ဘဲ . (မှန်ပါ့)။

သူကလည်း ယောကျ်ားမှာတော့ကွာတဲ့ မာနကထက်တယ်ဟော့ ရှင်းကျပြီလား. . . (ရှင်းပါတယ်ဘုရား) ယောကျ်ား ဘာထက်ပါလိမ့်. . . (မာနထက်ပါတယ်ဘုရား)

## ယောကျ်ားမှာ မာနဦးစီးတယ်

မာနထက်တယ်လို့ဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ယောကျ်ားမှာဖြင့် မာနဦးစီးတယ်တဲ့ လာလိုက်တယ် ရှင်းပြီလား. . . (ရှင်းပါတယ်ဘုရား)။

အဲတော့ သူကိုယ်တိုင် ယောကျ်ားဖြစ်ပြီးသကာလ ငါလို အဘိညာဉ်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်မျိုး ရှိရဲ့လားဆိုတဲ့ မာန ကလေးကရှိနေတော့ မင်းအာသဝေါ မကုန်တာ. . . (မှန်ပါ့)။

ရှင်သာရိပုတ္တရာက သဘောပါကြလား. . . (ပါပါတယ်ဘုရား)။

အင်း- ဒါဖြင့် ယောကျ်ားများ ဘာအဓိကထားပြီး ဝိပဿနာရှုရပါမယ် (မာနကို အဓိကထား ရှုရပါမယ်ဘုရား)။

သူ မိုးလင်းရင်လာမယ်နော် (မှန်ပါ့) ကိုစံလှ ဘာတဲ့ (မိုးလင်းရင်လာမှာပါဘုရား) လာမယ် လာမယ် သူများ လုပ်တာ ကိုင်တာကို တယ်ကျေနပ်တဲ့ ယောကျ်ားက ရှားတယ် (မှန်ပါ့)။

မလုပ်ချင်တောင်မှပဲ ကိုယ်ထပြီး ပျင်းလို့ မလုပ်ချင် တာတောင်မှ မကျေနပ်ပွဲကလေးကတော့ လာသေးတယ် (မှန်ပါ့) မလာဘူးလား. . (လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ လာတတ်တဲ့အတွက်တဲ့ ယောကျ်ားမှာ တော့ကွာတဲ့ အပါယ်သွားတဲ့တရား ဘယ်တရားများသတုံး ဆိုရင် မာနကြောင့်သွားတာများတယ် ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒါနဲ့ မင်း ခု အာသဝေါ မကုန်တာလည်း ရှင်သာရိ ပုတ္တရာက မာနက ငါလိုအဘိညာဉ်နဲ့ ကြည့်နိုင်တဲ့ ရဟန်း ဟာ အတော်ရှားတယ်ဆိုတဲ့ မင်း မာနရှိတယ် ဒါကြောင့် မင်း အာသဝေါ မကုန်ဘူး. . . (မှန်ပါ့) ကျေနပ်ပြီလား. . (ကျေနပ်ပါတယ်ဘုရား)။

## ရှင်သာရိပုတ္တရာကဆုံးမတဲ့တရား

ကောင်းပြီ ရှင်သာရိပုတ္တရာက ဆုံးမပြန်တယ် ဆိုတော့ ကိုစောမောင် ကျေနပ်ဖို့ပေါ့. . . (မှန်ပါ့) ဒါ ယောဂီအတွက် စ,လာတာ ဘယ်တရားကို စ,ပါလိမ့် (မာနကို စ,ပါတယ်ဘုရား)။

မာနက စ,လာတယ်တဲ့ ဒကာဒကာမတို့ ရိပ်မိပြီလား (ရိပ်မိပါတယ်ဘုရား) ကိုင်း- ဒါဖြင့် ဒီမာနလာတိုင်း လာတိုင်း ဘုန်းကြီးတို့ ဒကာဒကာမတွေကလည်း ဘာလုပ်ကြရမတုံး (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒီနေ့တရားက ပေါ်တတ်တဲ့တရား အများကိုဘုရား က ရှုတတ်အောင် နည်းပြတဲ့တရား. . . (မှန်ပါ့) မောင်နိုင် တရားရှာစရာလိုသေးလား. . . (မလိုပါဘုရား)။

မလိုပါဘူးတဲ့ အရေးကြုံလို့ရှိရင် ယောဂီသံဟာ ကိုစောမောင် ထွက်ထွက်မလာဘူးလား. . . (လာပါတယ်

ဘုရား) ယောက်ျားသံဟာ တစ်ခါတည်း မထွက်ပါနဲ့လို့ တောင်းပန်တိုးလျှိုးလို့ရကြရဲ့လား. . . (မရပါဘုရား)။

မရဘူး ဒီဟာလေးဟာ အရင် ပေါက်ပေါက် လာတယ်၊ အရင်ပေါ်ပေါ်လာတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ဒကာဒကာမတို့ ယောက်ျား ဘက်ကလည်း မများလား. . . (များပါတယ်ဘုရား)။

မင်းတို့ကွာ မိန်းမတွေ လုပ်ကိုင်နေတာ တယ် မထိ မခိုက်ရှိတယ်ဆိုပြီး ငါဝင်ဝင်လာတယ် (တင်ပ့ါ) ကိုစောမောင် ငါဝင်မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒါဖြင့် ဒါ မာနနဲ့ ဒိဋ္ဌိတွဲတွဲပြီး မဝင်လား. . . (ဝင် ပါတယ်ဘုရား) အင်း- မာနနဲ့ ဒိဋ္ဌိသံ ဟူသံ၍ဟာ တွဲတွဲပြီး ဝင်လာတဲ့အတွက် ဒကာဒကာမတို့ ယောက်ျားများဟာ ဘာဦးစီးလို့ ဘယ်လိုရှုရမယ်ဆိုတာ ပေါ်လာကျပြီလား. . (ပေါ်ပါတယ်ဘုရား) အင်း- ဘာလုပ်ကြပ့ါမယ် (မာနရှုရပါ တယ်)။

မာနက အရင်လာလိမ့်မယ်တဲ့နော် လာတိုင်း လာ တိုင်း ဘာလုပ်ကြမယ်. . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက် ရှုရမယ်ဆိုတဲ့ဥစ္စာကိုလည်း ယောက်ျားဘက်ကတစ်နံပါတ် မှတ်ထားရမယ်. . . (မှန်ပ့ါ)။

မိုးလင်းလာရင် မြင်လိုက်ခြင်းပင် မာနက တက်လာတယ်. . . (မှန်ပါ့) သဘောပါကြလား. . . (ပါပါတယ်ဘုရား) ကောင်းပြီ တစ်ခါတလေ ထမင်းချက် နောက်ကျနေလို့ ကိုယ်က တွင်းသွားချင်တယ် ကိစ္စရှိလို့ သွားချင်တယ် ဆိုလို့ရှိရင်ဖြင့် ဒီ ထမင်းလေးတစ်လုံးကွာ ဒီလောက်တောင်ကြာကြာကြီး ချက်ပြီးသကာလ နေရတာ ငါတို့သာ လုပ်ရမယ်ဆိုရင် တစ်ခဏနဲ့ပြီးတယ် မင်းတို့က လေးကန်တာက လွန်လို့ကိုး အစရှိသည်နဲ့ ဘာသံချည်း ထွက်လာတုံး. . . (မာနသံပါဘုရား)။

မထွက်ဘူးလား. . . (ထွက်ပါတယ်ဘုရား) ငါလုပ်လိုက်ရင် ဒီလောက်မကြာဘူးဆိုတော့ မာနက အရင်မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ လာတိုင်းလာတိုင်း သူမှာတော့ ရှေးဦးစွာ မိုးလင်းရင် ဒီဉစ္စာလာတတ်တယ်. . . (မှန်ပါ့) ကိုဓောမောင် သဘောပါလား. . . (ပါပါတယ်ဘုရား)။

ပေါ်လို့ရှိရင် ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား) မရှုရှင်လည်း ဒီမာနကနေပြီးသကာလ မာနက ဒိဋ္ဌိဖြစ်ပြီးသကာလနေတော့ သူလည်း လောဘနဲ့ ယှဉ်တာ ဖြစ်တာ တဏှာ ဉပါဒါန်ကံဘက်ကျအောင် ဒကာဒကာမတွေ မသွားပေဘူးလား၊ သွားမှာလား (သွားမှာပါဘုရား)။

အဲဒါကြောင့် ဒီနေ့တရားမှာ မိန်းမဘက်က များတာကိုလည်း နိဗ္ဗာန်ရောက်လွယ်အောင်လို့ ဆုံးမပေးတယ် ဒါ ဒီဃနိကာယ် အင်္ဂုတ္တိုရ်. . . ကိုစောမောင်. . . (မှန်ပါ့)။

## ယောကျ်ားများမှာ ဝီရိယလွန်တတ်တယ်

ယောကျ်ားဘက်ကများတာကို ခုတစ်လုံးစ,လာပြီ တစ်လုံးစ,ထားပြီဆိုတော့ သဘောကျလား. . . (ကျပါတယ်ဘုရား) ကောင်းပြီ ဒီပြင်များ ဘာလာတတ်သေးသတုံးဆိုတော့ ဒကာဒကာမတို့ ယောကျ်ားဟာ မိန်းမကဲ့သို့ မဟုတ်ဘူးကွာ ဘာပြုလို့ လုပ်မယ်ဆိုရင် ဝီရိယဟာ လွန်တတ်တယ်။

ကိုစံလှ ဘာလွန်တတ်တုံး. . . (ဝီရိယ လွန်တတ်ပါတယ်ဘုရား) ဝီရိယလွန်တတ်တယ်တဲ့ ဝီရိယ လွန်သွားတဲ့ အခါကျတော့ ဘာဖြစ်ဖြစ်၊ ဟိုက ဝီရိယလွန်လွန်သွားတဲ့ အခါကျတော့ ဝီရိယလွန်ခြင်းကြောင့် သူ့မှာက ဥဒ္ဓစ္စကခံ,ခံနေတယ်. . . (တင်ပါ့ဘုရား)။

ဒီဥဒ္ဓစ္စက ယောကျ်ားမှာ သိပ်အပေါ်များတယ်. . . (မှန်ပါ့) စိတ်ပျံ့လွင့်သွားတာပေါ့လေ. . . (မှန်ပါ့)။

မောင်နိုင် ဝီရိယလွန်တော့ ဘယ်ရောက်သွား. . . (ဥဒ္ဓစ္စဘက်သွားပါတယ်ဘုရား) အဲဒါကြောင့်လည်း ဒီဥဒ္ဓစ္စ လာတိုင်း လာတိုင်း ဒကာဒကာမတို့ ဘာလုပ်ကြမတုံး. . .

(ဖြစ်ပျက်ရှုရပါမယ်ဘုရား) သဘောပါကျလား. . . (ပါပါ တယ်ဘုရား)။

အင်း ကိုယ်သာ ဝီရိယလွန်နေတဲ့ ပုဂ္ဂိုလ် ဝီရိယကို ယောဂီများမှာ အဓိက ထားတဲ့အခါကျတော့ ဒကာဒကာမတို့ ဝီရိယလွန်ပြီး ကိုစံလှ ဘယ်ဘက်သွားတတ်တုံး (ဥဒ္ဓစ္စဘက် သွားတတ်ပါတယ်ဘုရား)။

စိတ်ပျံ့လွင့်တဲ့ဘက် မသွားဘူးလား. . . (သွားပါ တယ်ဘုရား) ကြာတော့ ဝေပြီးသကာလ ထွက်လာတယ် ဆိုတာကော သဘောကျကြလား. . . (ကျပါတယ်ဘုရား)။

အဲ့ဒါကြောင့် သူတို့လည်း အပါယ်သွားများတယ်ဆို တာ ဥဒ္ဓစ္စဆိုတဲ့ဥစ္စာ မောဟပဲ. . . (မှန်ပါ့) မောဟဆိုတာ အဝိဇ္ဇာပဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) သဘောကျပြီလား. . (ကျပါတယ်ဘုရား)။

အဝိဇ္ဇာဖြစ်ခဲ့သော် အဝိဇ္ဇာ၊ ပစ္စယာ သင်္ခါရာ သင်္ခါရ ပစ္စယာဝိညာဏံနဲ့ဆိုပြီးသကာလ ဒကာဒကာမတို့ သံသရာ ခရီးကြီးမှာ တန်းသွားလိမ့်မယ်. . . (မှန်ပါ့) ကိုစောမောင် ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒီလိုကော မဖြစ်တတ်ဘူးလား. . . (ဖြစ်တတ်ပါ တယ်ဘုရား) ယောဂီများဘက်က ဒီဥစ္စာ လွန်တတ်တယ်ကွ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ဝီရိယလွန်လို့ ဥဒ္ဓစ္စပျံ့လွင့်တဲ့စိတ်ဖြစ်တယ်

အဲ့တော့ ဝီရိယက ရိုးရိုးဆိုရင် ကိစ္စမရှိဘူးတဲ့ လွန်ပြီးသားဖြင့် ဥဒ္ဓစ္စဆိုတဲ့တရားက လာပြန်တော့ တစ်ခါတည်းသူကနေပြီး အဝိဇ္ဇာဖြစ်ပြီးတစ်ခါ ဥဒ္ဓစ္စဆိုတာ အဝိဇ္ဇာ။

အဲ့ဒီအဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ်နဲ့ဆိုတော့ အပါယ်ကျကျပြီးသကာလ သွားတတ်တဲ့ မဂ်ဖိုလ် တားတားသွားတဲ့ အဓိပ္ပာယ်ဟာဖြင့် ယောဂီများ ဒါများလေရဲ့. . . (မှန်ပါ့)။

မဟောသင့်ဘူးလား. . . (ဟောသင့်ပါတယ်ဘုရား) ဒကာဒကာမတို့ ယောဂီလည်း ဆုံးမတဲ့တရား မိန်းမလည်း ဆုံးမတဲ့တရားဆိုတာ ခင်ဗျားတို့ ဒီတစ်ခါ ကြားဖူးတာပဲ. . . (မှန်ပါ့) သဘောပါကြလား. . . (ပါပါတယ် ဘုရား)။

ယောဂီဟာ တစ်နံပါတ်ဟာ ဘာလွန်တတ်တယ် (မာနပါဘုရား) နှစ်နံပါတ်က (ဥဒ္ဓစ္စပါဘုရား) ဝီရိယလွန်တော့ ဥဒ္ဓစ္စ ဖြစ်သွားတယ် (မှန်ပါ့) သဘောကျလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီတဲ့ ဒကာဒကာမတို့တဲ့ ယောဂီများမှာ ဒါတင်မကသေးပါဘူးတဲ့ ဒီပြင်တရားတစ်ခုလည်း ရှိပါသေးတယ်ဆိုပြီး သုံးခုမြောက် တစ်ခါလာပြန်တယ်နော်. . . (မှန်ပါ့)။

အင်း ဘာလာပြန်သတုံးလို့ မေးတဲ့အခါကျတော့ ဒကာဒကာမတို့ အင့် ပထမမှာ မာနလွန်တယ်နော် (မှန်ပါ့) ဒုတိယမှာ ဝီရိယလွန်တယ် ဥဒ္ဓစ္စဘက် မသွားဘူးလား. . . (သွားပါတယ်ဘုရား)။

## ယောက်ျားမှာ ကုက္ကုစ္စ (နောင်တ) လာတယ်

အင်း ဒီဥစ္စာ တော်တော်ကြာ ကျလာတော့ ကိုယ့်ဟာနဲ့ကို စိတ်တွေက ဝေပြီးသကာလ ကုက္ကုစ္စဆိုတဲ့ တရားက လာပြန်တယ်. . . (မှန်ပါ့) ကုက္ကုစ္စက အင်း လုပ်မိတာ မှားတယ် အားစိုက် လုပ်လိုက်တဲ့ဥစ္စာ အားစိုက်ဖြည်းဖြည်း သာသာလုပ်လိုက်ရင် ဒီဥစ္စာ မကွဲမရှ ဖြစ်သွားမယ် သဘော ကျလား. . . (ကျပါတယ်ဘုရား)။

ဟင်း-ဖြည်းဖြည်းသက်သာမဟုတ်ဘူး ကျကွဲအရမ်း တိုက်ပစ်လိုက်တာနဲ့ပဲ အပြစ်အနာအဆာတွေ တစ်ခါတည်း အင်းလောင်ကုန်ပြုကုန်အမျိုးမျိုးပေါ့ဗျာ. . .

အဲဒီလိုကလည်း ဝီရိယလွန်ပြန်တော့ အရမ်းတိုက် ပစ်တဲ့အခါကျတော့ မစားတန်ဘဲစား၊မပါတန်ဘဲပါ အစရှိ သည်နဲ့ ကိုစံလှရေ မညှပ်တန်တဲ့ နေရာညှပ်မိ မကျပ်တန်တဲ့ နေရာ ကျပ်မိဆိုတာတွေကရော မလာတတ်ဘူးလား. . . (လာတတ်ပါတယ်ဘုရား)။

ထိုကဲ့သို့ လာပြန်တော့လည်း သူမှာ ကုက္ကုစ္စက လာပြန်တယ်ကွာ (မှန်ပ့ါ) သဘောကျလား. . . (ကျပါတယ် ဘုရား)။

ကုက္ကုစ္စက လာပြန်တဲ့ အခါကျလို့ရှိရင်လည်း ကုက္ကုစ္စဆိုတဲ့ ဥစ္စာက လုပ်မိတာမှား မလုပ်မိတာ တော်သေး တယ် လာသေးတယ် သူ့မှာ မလာပေဘူးလား. . . (လာပါ တယ်ဘုရား)။

အဲ ယောက်ျားမှာ လာတာလား မိန်းမမှာလာတာ လား (ယောက်ျားမှာ လာတတ်တာပါဘုရား) အင်း- ငါက စင်စင်ကြယ်ကြယ်နဲ့ သူတို့ကို အားပြုပြီးသကာလ ဒီလို လုပ်ရင် ဒီလိုဖြစ်ပါတယ်ဆိုပြီး တစ်ခါတည်း ငါမင်းငါချင်း လုပ်လိုက်တာနဲ့ အလုပ်တစ်ခုဟာ ပျက်ပျက်သွားတတ်တယ်။

## နောင်တရတတ်တယ်

သဘောပါကြလား. . . (ပါပါတယ်ဘုရား) အလုပ် တစ်ခုဟာ ပျက်ပျက်သွားတဲ့အခါကျတော့ ကိုယ့်ဟာကို နောင်တ မရဘူးလား. . . (ရပါတယ်ဘုရား) ခင်ဗျားတို့ အသုံးက နောင်တရတာ ဘုရားအသုံးက ကုက္ကုစ္စဖြစ်တာ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ကုက္ကုစ္စကွ ဘယ်လိုပြင်လို့မှ ဘယ်လိုဆင်လို့မှ ဘယ်လိုမှ ရနိုင်မှာတုံး ဒီဥစ္စာတော့ ရတယ်လို့ကို ကျုပ် မမြင်ဘူး ကျုပ်တော့ ခက်တာဘဲ အဂရှိသည်နဲ့ အဖိုးတန် ကျောက်တွေ ဘာတွေတိုက်မိပြီး ညှပ်မိပြီ ဆိုမှဖြင့် ကိုစောမောင် မလာတတ်ဘူးလား. . . (လာတတ်ပါတယ် ဘုရား)။

ဒါက ဝီရိယလွန်တော့ကို ခုနက ဥဒ္ဓစ္စဘက်ပြေး ဥဒ္ဓစ္စကမနိုင်တော့ ကုက္ကုစ္စဘက် အလှည့်ခံရတယ် မလှည့် ဘူးလား (လှည့်ပါတယ်ဘုရား)။

ဒါဖြင့် ယောဂီများမှာ ကုက္ကုစ္စလာပြန်လို့ရှိရင်လည်း တဲ့ ဒကာဒကာမတွေ ကုက္ကုစ္စကလည်း ဘာမှ ခရီးရောက်တဲ့ တရားမဟုတ်ဘူး၊ အပါယ်သာပို့တတ်တဲ့တရား. . . (မှန်ပါ့)။

ကုက္ကုစ္စဆိုတာ ရှေ့ကပြုလည်း ဒုစရိုက် မပြုလိုက် မိသေးတဲ့ သုစရိုက် တွေကိုလည်း အောက်မေ့တာ ကုက္ကုစ္စလို့ ခေါ်ပါတယ် သဘောကျလား. . . (ကျပါတယ်ဘုရား)။

ရှေ့ကပြုတဲ့အလုပ်ကိုလည်း မှားလို့လုပ်မိတယ် မပြု ရသေးတာကိုလည်း ဩော်- ငါရှိတုန်းက မလုပ်မိလို့ အမှား ယွင်းကြီး မှားတာဘဲမလာဘူးလား. . . (လာပါတယ်ဘုရား)

ယောဂီများ ဒါမျိုးတယ် ကိုစောမောင် (မှန်ပါ့) ဘာများသတုံး ကုက္ကုစ္စ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အင်း ဒကာဒကာမတို့ ယောကျ်ားဘက်က တရားသုံးခုနော် (မှန်ပါ့) မိန်းမဘက်က. . . (တရားသုံးခုပါဘုရား) တရားသုံးခု အဲ့ဒါပေါ်လွယ်တဲ့ တရားတွေ ယောကျ်ားဘက်က . . . (မှန်ပါ့)။

**ယောကျ်ားဘက်ကတရားသုံးခု**

ကဲ တစ်နံပါတ် ယောကျ်ားဘက်က ဘာပါလိမ့်. . . (မာနပါဘုရား) နှစ်နံပါတ်ကရော. . . (ဝီရိယပါဘုရား) အင်း- တစ်လုံးထဲ ဥဒ္ဒစ္စ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ဝီရိယက ဘာမှကိစ္စမရှိဘူးနော် လွန်လွန်သွားလို့ ဥဒ္ဒစ္စဘက်ပြေးတာ. . . (မှန်ပါ့) ကိုမြင့် ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား) သဘောပါကျလား. . . (ပါပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် သုံးနံပါတ်တရားက ဘာပါလိမ့်. . . (ကုက္ကုစ္စ) ကုက္ကုစ္စက အခုနက ဝီရိယလွန်တဲ့ ပုဂ္ဂိုလ် ဒါလာတော့မယ်. . . (မှန်ပါ့)။

အမှားတွေ လိုက်တယ်မဟုတ်လားဗျ. . . (မှန်ပါ့) မတွေ့ပေဘူးလား. . . (တွေ့ပါတယ်ဘုရား) တွေ့လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ကိုယ့်ဟာကိုပဲ အကြံမှိုင်ပြီး သကာလ

လုပ်မိတာမှားတယ် မလုပ်မိတာက တော်သေး တယ် နှစ်ချက်မလာပေဘူးလား (လာပါတယ်ဘုရား)။

လုပ်မိတာမှားတယ်လို့ တစ်ချက်လာတယ်. . . (မှန်ပါ့) မလုပ်မိတာက တော်သေးတယ်ဆိုတာကော. . . (တစ်ချက်လာပါတယ်) တစ်ချက်လာတော့ ဒီဥစ္စာ ဆုံးဖြတ် ချက်ချတဲ့ တရားကော ဟုတ်သေးရဲ့လား. . . (မဟုတ်ပါ ဘူးဘုရား)။

စိတ်ကူးမိတိုင်း မိတိုင်း ဒီနှစ်ချက်က မလာပေဘူး လား. . . (လာပါတယ်ဘုရား) လာရင် သူတို့ဘာခေါ်ကြ မယ်. . . (ကုက္ကုစ္စပါဘုရား)။

အဲဒါကြောင့် ရှေ့က ပြုလည်းဒုစရိုက် မပြုလိုက်ရ သေးတဲ့ သုစရိုက်တွေကို စိုးရိမ်တတ်တဲ့ သဘောဟာ ကုက္ကုစ္စလို့ ဘုရားက အသေအချာ ဟောလိုက်တာပဲ (မှန်ပါ့)။

ယောက်ျားမှာဖြင့် ဒကာဒကာမတို့ မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ကျေနပ်ကျလား. . . (ကျေနပ်ပါတယ်) ယောက်ျား ဘက်က ဘာပါလိမ့် (မာန ဥဒ္ဓစ္စ ကုက္ကုစ္စ) မာန၊ ဥဒ္ဓစ္စ ကုက္ကုစ္စ သုံးခု ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

**အပါယ်သွားမည့်တရားသုံးခု**

ပိန်းမဘက်က ဘာပါလိမ့် ဒီနေ့ ဟောလိုက်တာ

(မဇ္ဈေရ၊ ဣဿာ၊ လောဘ) အဲ မဇ္ဈေရ ဣဿာလောဘ ဒါဟာ အပါယ်သွားတတ်တဲ့တရား၊ ယောက်ျားမှာ အများဆုံး သွားတာလည်း ဒါပဲ. . . (တင်ပ့ါ) သဘောကျပလား (ကျပါတယ်ဘုရား)။

မိန်းမအများဆုံး သွားတာလည်း ခုနက ပြောခဲ့တဲ့ သုံးပါး ယောက်ျားအများဆုံး သွားတာလည်း ခု ပြောခဲ့တဲ့ တရားသုံးပါး။

ဒါက သူ့ဒကာဒကာမတို့ အမူအရာအတိုင်း ပေါ်တဲ့ တရား သဘောကျကြလား. (ကျပါတယ်ဘုရား)၊ ယောက်ျား အမူအရာရယ်လို့ ဖြစ်လာရင် ဒီသုံးခုပေါ်ရမယ်. . (မှန်ပ့ါ)။

မိန်းမ အမူအရာရယ်လို့ ဖြစ်လာရင် ခုနက ပြောခဲ့ တဲ့ တရားသုံးခုဟာ. . . (ပေါ်ရမယ်) ပေါ်ရမယ်ဆိုတော့ ကျုပ်တို့ ဒကာဒကာမတွေ သိပြီးသားအတိုင်းပဲ၊ ဒါဟာ များသောအားဖြင့် ရှေ့ဆောင်တဲ့ တရားတွေလို့ ဆိုတယ်၊ ဒီ့ပြင် တရားကကြားပေါက်သာရှိတယ်. . . (မှန်ပ့ါ) သဘော ပါကျလား. . . (ပါပါတယ်ဘုရား)။

ဒီတရားတွေသည်ကားဆိုရင်ဖြင့် မိန်းမမှာလည်း ခုနက ပြောခဲ့တဲ့တရား သုံးခုယောက်ျားမှာလည်း ခု နောက်· ပြောလိုက်တဲ့ တရားသုံးခုဟာ သူ့ခေါင်းဆောင်အဖြစ်နဲ့ ချည့်ပဲ ကိုစောမောင် ပေါ်သတဲ့. . . (မှန်ပ့ါ) ဆိုတော့ ဒီနေ့

ရခဲ့တဲ့ သုံးခု ဒကာဒကာမတို့ ဝိပဿနာမလုပ်လို့ရှိရင်ဖြင့် ယောကျ်ားမှာကော အပါယ်သွား တရားသုံးခု. . . (မှန်ပါ့)။

မိန်းမမှာကော ဝိပဿနာတရားမလိုက်ခဲ့သော် အပါယ်သွားတရားသုံးခု ဆိုတတ်ကြပလား. . . (ဆိုတတ်ပါတယ်ဘုရား)။

## ဘုရားအဖြေနှင့် ရှင်သာရိပုတ္တရာအဖြေ

အဲဒါကြောင့် ဒီဥစ္စာ သာမညအရေးကြီးတဲ့တရား မဟုတ်ပါဘူး မေးတဲ့ပုဂ္ဂိုလ်ကလည်းမေး နောက် ယောကျ်ားဘက်ကတော့ မေးတာကတော့ ရှင်အနုရုဒ္ဓါမေးလို့ ရှင်သာရိပုတ္တရာက ဖြေတယ် သဘောကျလား (ကျပါတယ်ဘုရား)။

မိန်းမဘက်ကဟာတော့ဖြင့် ရှင်အနုရုဒ္ဓါက မေးလို့ ဘုရားကဖြေတယ် သဘောပါကြလား (ပါပါတယ်ဘုရား)။

ဪ-ဒါဖြင့် ဒီနေ့ဟောတဲ့တရားမှာဖြင့် ဆင်ခြင်ရာ၊ ရှောင်ကြဉ်ရာတွေ ပုဂ္ဂိုလ်အလိုက်ဖြစ်တဲ့တရား သုံးခုပါလား. . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။

ယောကျ်ား ဘယ်နှစ်ခုပါလိမ့်. . . (သုံးခုပါဘုရား) မိန်းမဘယ်နှစ်ခုပါလိမ့်. . . (သုံးခုပါဘုရား) အဲ့ဒါသည်ကား လို့ဆိုလို့ရှိရင်ဖြင့် မိန်းမရယ်လို့ ပင်္ဂသန္ဓေကက ပစ်ချလိုက်ရင် ဒီသုံးခုဦးစီးတယ်. . . (မှန်ပါ့) ယောကျ်ားရယ်လို့ ပဋိသန္ဓေ

ကံက ပစ်ချလိုက်ရင်. . . (ဒီသုံးခု) ဒီသုံးခု ဦးစီးတယ် သဘောပါကြပလား. . . (ပါပါတယ်ဘုရား)။

အဲသာမညကျတော့ကို ခင်ဗျားတို့က ယောကျ်ားဘက်ကလည်း နိုင်လိုမင်းထက်ပြောတတ်ဆိုတတ်တာတွေ ရှိပြီးသကာလနေတော့ ဒါတွေက မသိပြော ပြောပြီးမသိနေ နေလိုက်တော့ ဒီတရားသုံးခုသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ကိုယ့်မှာ ဒီလိုမှ မပြောလည်း ဘယ်ဖြစ်မလဲ ဆိုပြီး သကာလ ကိုစောမောင် လွန်ချင်လည်း လွန်သွားမယ်. . . (မှန်ပါ့)။

တရားကိုယ်ကတော့ မကောင်းတာ အမှန်ဘဲ . . (မှန်ပါ့) သဘောပါကြလား. . . (ပါပါတယ်ဘုရား) တရားကိုယ်ကတော့. . . (မကောင်းတာအမှန်ပါဘုရား)။

အဲ ဒကာဒကာမတို့ မိန်းမတွေဘက်ကတော့ ဘာပါလိမ့် (မစ္ဆေရ၊ ဣဿာ၊ လောဘ) မစ္ဆေရ၊ ဣဿာ၊ လောဘ ဒါမိန်းမရယ်လို့ဖြစ်လာရင် ဒီသုံးခု ဦးစီးတယ်. . . (မှန်ပါ့)။

## မိုးလင်းရင်သတိထားကြပါတော့

ယောကျ်ားရယ်လို့ ဖြစ်လာလို့ရှိရင်ဘာတဲ့. . . (မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စဒါ မိုးလင်းရင် သတိထားကြပါတော့. . . (မှန်ပါ့)။

ဒါတွေက မသိပြော ပြောပြီး မသိနေ နေလိုက်တော့ ဒီတရားသုံးခုသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ကိုယ့်မှာ ဒီလိုမှ မပြောလည်း ဘယ်ဖြစ်မလည်းဆိုပြီးသကာလ ကိုစောမောင် လွှန်ချင်ရင်လည်း လွှန်သွားမယ်. . . (မှန်ပ့ါ)။

တရားကိုယ်ကတော့ မကောင်းတာ အမှန်ဘဲ . . (မှန်ပ့ါ) သဘောပါကြလား. . . (ပါပါတယ်ဘုရား) တရား ကိုယ်ကတော့. . . (မကောင်းတာအမှန်ပါ)။

အဲ- ဒကာဒကာမတို့ မိန်းမတွေဘက်က ဘာတွေ ပါလိမ့်. . . (မစ္ဆေရ၊ ကုက္ကုစ္စ၊ လောဘ) မစ္ဆေရ၊ ကုက္ကုစ္စ၊ လောဘ ဒါမိန်းမရယ်လို့ ဖြစ်လာရင် ဒီသုံးခု ဦးစီးတယ်. . . (မှန်ပ့ါ)။

ယောက်ျားရယ်လို့ ဖြစ်လာရင်ဘာတဲ့. . . (မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ဒါ မိုးလင်းရင် သတိ ထားကြပါတော့. . . (မှန်ပ့ါ)။

ဝိပဿနာ အထူးရှာမနေနဲ့တော့ ပေါ်ရာသာ မောင်နိုင် ရှုလိုက်ပေတော့. . . (မှန်ပ့ါ) ပေါ်ရာရှုလိုက် ဆိုတော့ အပေါ်များတာက ယောက်ျားမှာ ဒီသုံးခု. . . (မှန်ပ့ါ) မိန်းမမှာ ခုနက ပြောခဲ့တဲ့ သုံးခု. . . (မှန်ပ့ါ)။

သဘောကျပလား. . . (ကျပါတယ်ဘုရား) အဲ့ဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာတဲ့

ငါမင်းတို့ ဆုံးမချင်ပါတယ်ဆိုပြီး သင်္ကာလ ကိုစောမောင် ဆုံးမပြန်တယ်နော်. . . (မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး မဟာကရုဏာ တော်ရှင်ကြီးကဒကာဒကာမတို့ ယောက်ျားများသောအားဖြင့် ရှုစရာတွေကော ထုတ်ပြပြီးပြီနော်. . . (မှန်ပါ့) မိန်းမများ သောအားဖြင့် ရှုစရာတွေကော (ထုတ်ပြပြီးပါပြီ)။

## အကြောင်းမှန်နဲ့နှလုံးသွင်းလို့ဘုရားဖြစ်လာတာ

ငါဟာကွာတဲ့ဒီလို ပေါ်တတ်တဲ့တရား မိန်းမတွေမှာ ဒီလိုပေါ်တတ်တဲ့တရား ယောက်ျားတွေမှာ ဒီလိုပေါ်တတ်တဲ့ တရားတွေကိုတဲ့ အကြောင်းအားဖြင့်အကြောင်းမှန်သော အားဖြင့် နှလုံးသွင်းတယ်။

အကြောင်းမှန်သောအားဖြင့် နှလုံးသွင်းပြီးသကာလ မပြတ်မလပ်အားထုတ်လိုက်လို့ ငါဘုရားဖြစ်လာတာဟော့ ရိပ်မိပလား. . (ရိပ်မိပါတယ်ဘုရား) သဘောပါကျလား. . (ပါပါတယ်ဘုရား)။

ဒီယောက်ျားဖြင့်လည်း ယောက်ျားသန္တာန်ပေါ်တတ် တဲ့ တရားသုံးခုဟာ အကြောင်းအားလျော်စွာ သူပေါ် လာတယ် မပေါ်လာပေဘူးလား. . . (ပေါ်လာပါတယ် ဘုရား) အဲ့တော့ကိုးတဲ့အကြောင်းအမှန်နဲ့ နှလုံးသွင်းလိုက်

တယ် အကြောင်းအမှန်နဲ့ နှလုံးသွင်းလိုက်တယ်ဆိုတော့ ဩော်. . . ဒီတရားသည် မောင်နိုင် ယောက်ျားမှာ အင်းမာန ပေါ်တယ်ဆိုကြပါစို့ မာနပေါ်တာကို သူတို့က အကြောင်း မှန်နဲ့ နှလုံးသွင်းလိုက်တော့ မာနလား အနိစ္စလားလို့ နှလုံး သွင်းလိုက်တော့. . . (အနိစ္စပါ)။

## အကြောင်းမှန်နဲ့နှလုံးသွင်းလိုက်ပါ

ဒါအကြောင်းမှန်နဲ့ နှလုံးသွင်းလိုက်တာ. . . (မှန်ပါ့) သဘောကျလား. . . (သဘောကျပါတယ်ဘုရား)။

အင်း- အနိစ္စတရားလို့ အကြောင်းမှန်နဲ့ နှလုံးသွင်း လိုက်တဲ့အတွက် ဒါလေးဟာလည်းဖြစ်ပြီး ပျက်တာပဲဆိုပြီး နှလုံးသွင်းလိုက်တဲ့အတွက်တဲ့၊ နှလုံးမြန်သွင်းတာကတော့ ဒီလိုကွ၊ မင်းတို့ ဆုံးမချင်တာက ယောနိသောမနသိကာရာ၊ ယောနိသော သမ္မပ္ပဓာနံ အကြောင်းမှန်သောအားဖြင့် အဖန်ဖန်ငါ ဝီရိယစိုက်တယ်ကွ ပေါ်လာတိုင်း ပေါ်လာတိုင်း ပေ့ါလေ . . . (မှန်ပါ့) သဘောကျလား. . . (ကျပါတယ် ဘုရား)။

အကြောင်းမှန်အားဖြင့်လည်း နှလုံးသွင်းလိုက်တယ်၊ အနိစ္စအကြောင်းမှန်အားဖြင့် နှလုံးသွင်းလိုက်တယ်၊ ပြီးတော့ သမ္မပ္ပဓာန်နဲ့ ဒီဥစ္စာဟာ မပြတ်မလပ် ဒီဥစ္စာ အနိစ္စဖော်ပြ

နေတဲ့တရားမို့ အနိစ္စ - အနိစ္စလို့ မောင်နိုင်တို့ ဝီရိယစိုက် လိုက်တယ်နော် . . . (တင်ပ့ါ) ပေါ်လာတာကလည်း အနိစ္စ တရားပဲကွာ၊ မာနဆိုတာလည်း အနိစ္စတရားပေ့ါဗျာ. . . (မှန်ပ့ါ)။

ပေါ်လာတဲ့တရားကို ပေါ်လာတဲ့အတိုင်း ငါသည် မပြတ်ဘဲ ဒီဉစ္စာ ဝီရိယကလေးတိုးပြီးသကာလ ဒါလေး အနိစ္စပါလား၊ ဒါလေး အနိစ္စပါလားလို့ ဝီရိယကလေးနဲ့ ဂရုစိုက်လိုက်တယ် အကြောင်းမှန် နှလုံးသွင်းတာက အနိစ္စ၊ အဖန်ဖန် နှလုံးသွင်းတာက အဖန်ဖန် ကြိုးစားတာက ဝီရိယ ကို ရှင်းကျလား (ရှင်းပါတယ်ဘုရား)။

အကြောင်းမှန် နှလုံးသွင်းတာက (အနိစ္စ)အဖန်ဖန် အားထုတ်တာက (ဝီရိယ) အဲ-အကြောင်းမှန်လေးကိုပဲ အနိစ္စ တရားလေးပေါ်ပေါ်လာတယ်လို့ ငါအကြောင်းမှန် နှလုံး သွင်းလိုက်တဲ့အတွက် အကြောင်းမှန်တဲ့တရားကလည်း ခဏ ခဏ ပေါ်တာကို ငါ ဝီရိယနဲ့လည်း သူပေါ်တိုင်း ပေါ်တိုင်း မပြတ်မလပ်ဘဲမောင်နိုင်သူကြိုးစားလိုက်တယ် . . (မှန်ပ့ါ)။

ဒါနဲ့ကွာတဲ့ ငါသည်ကားလို့ဆိုရင် ဘုရားအဖြစ်ကို ရောက်လာပါတယ်၊ ကိုစောမောင် သူ ဘုရားအဖြစ်ကို ရောက်လာတာ ဖော်ပြတာ (မှန်ပ့ါ) ဒကာ ဒကာမတို့ ပေါ်ကျ ပလား . . . (ပေါ်ပါတယ်)။

သူ့ဘုရားအဖြစ် ရောက်လာတာ ဒီလိုပါကွာတဲ့ ယောကျ်ားသန္တာန် ပေါ်တတ်တဲ့တရားတွေ ရှိပါတယ်တဲ့ အဲ့ဒါအကြောင်းမှန်နဲ့ နှလုံးသွင်းလိုက်တဲ့အခါကျလို့ရှိရင် ဩော်-အနိစ္စ ပေါ်လာတာပဲလို့ နှလုံးသွင်းလိုက်ပါနော်. . . (တင်ပ့ါ)။

## ပေါ်လာတိုင်း ဝီရိယနှင့် အားစိုက်ရှုပါ

ပေါ်လာတာများတော့ ပေါ်လာတိုင်း ပေါ်လာတိုင်း မလွတ်တဲ့ ဝီရိယလေးနဲ့ အားစိုက်တဲ့ ဝီရိယလေးနဲ့ ရှုလိုက်တာနဲ့ပဲ အကြောင်းမှန် ပေါ်လာတာကို မလွတ်တဲ့ ဝီရိယနဲ့ ကြိုးစားလိုက်လို့ ငါသည် အနုတ္တရာဝိမုတ္တိဉာဏ်ဟောတီလို့ ငါသည်ကားလို့ဆိုလို့ရှိရင် ဒီဥစ္စာ နှလုံးသွင်းလိုက်တဲ့အတွက် အရဟတ္တဖိုလ် နိဗ္ဗာန်ရတယ်။

ဒီတရားတွေပဲကွတဲ့ သဘောကျကြလား. . . (ကျပါတယ်ဘုရား)၊ ဩော်- ဒါဖြင့် ဒကာဒကာမတို့ တရားရှုစရာများ ရှားကြသလားဆိုတဲ့မေးခွန်းဟာ ထွက်လာတယ်. . . (မှန်ပ့ါ)၊ ထွက်လာတယ်ဆိုတာ ကျေနပ်ကျရဲ့လား. . . (ကျေနပ်ပါတယ်ဘုရား)။

ဩော်- ရှုစရာဟာ ပေါ်ပေါ်နေပါလား. . . (မှန်ပ့ါ)၊ ဘယ်လိုဆိုကျပ့ါ . . . (ရှုစရာပေါ်ပေါ်နေပါတယ်ဘုရား)၊

ရှုစရာပေါ်ပေါ်နေရတော့ အဲဒီရှုစရာပေါ်နေတော့ အဲ့ဒါ အကြောင်းမှန်လေးသာ နှလုံးသွင်းလိုက်ပါ. . . (မှန်ပါ့)။

ဩော်- ခုပေါ်တာလေးသည်ကားလို့ဆိုလို့ရှိရင် ဒါ အကြောင်းမှန်နှလုံးသွင်းလိုက်တဲ့အခါကျတော့ အနိစ္စလေး ပေါ်လာတယ်၊ ဒုက္ခလေးပေါ်လာတယ်၊ အနတ္တတရားလေး ပေါ်လာတယ် ဆို ဝီရိယလေးစိုက်လိုက်တာပေါ့ကွာတဲ့ ကိုစောမောင် (မှန်ပါ့)၊ အကြောင်းမှန်နှလုံးသွင်းလိုက်တယ်၊ ပေါ်လာတဲ့မာနလေး ဥဒ္ဓစ္စလေး ကုက္ကုစ္စလေးဟာ ဘာပေါ် လာကြတာတုံး. . . (အနိစ္စလေးပါဘုရား)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ တစ်ခုခုပေါ်လာတာပဲ မဆို နိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)၊ အဲ့ဒါကို မပြတ်မလပ် ကလေးသာ မင်းတို့ကနှလုံးသွင်းလို့ရှိရင်ဖြင့် ငါဘုရားဖြစ် လာတာ ဒါကြောင့်ပါပဲ၊ သဘောပါကြလား. . . (ပါပါတယ် ဘုရား)။

## အကြောင်းမှန်နှလုံးသွင်းလို့ ရဟန္တာမတွေဖြစ်တာ

ဒါဖြင့် ဒကာဒကာမတွေ ဒကာမတွေဘက်ကလည်း အရိယာမ ရဟန္တာမတွေဖြစ်ကြတာ၊ သူတို့သန္တာန်ပေါ်တတ် တဲ့တရားတွေကို၊ အကြောင်းမှန်နှလုံးသွင်းပြီးသကာလ မပြတ်မလပ်အကြောင်းမှန်က အနိစ္စပေါ်လာလို့ အနိစ္စဒုက္ခ ပေါ်လာလို့ ဒုက္ခ။

အနတ္တပေါ်လာလို့ အနတ္တအဖြစ်နဲ့ဥစ္စာကို မပြတ်မလပ်ကလေး နှလုံးသွင်းလိုက်တာနဲ့ မင်းတို့ ဒီ ဒကာဒကာမတွေလည်း လိုရာခရီးကို အပြီးတိုင်ရောက်မယ်ဆိုတဲ့ဥစ္စာ ငါဘုရားဆုံးမပါတယ်။

ဒကာဒကာမတို့ အင်မတန်မှန်တဲ့တရားနော်. . . (မှန်ပါ့)၊ သဘောကောကျကြလား. . . (ကျပါတယ်ဘုရား)။

ဒီတရားပေါ်လာလို့ရှိရင် ပေါ်လာတဲ့တရားလေးဟာ အကြောင်းမှန်နဲ့နှလုံးသွင်းလိုက်တဲ့အခါကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ်လာတာ မောင်နိုင်ရ. . . (မှန်ပါ့)၊ ဘာပေါ်လာတာဆိုကြမဆုံး. . . (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေပေါ်လာတာ ဖြစ်နေတော့ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တလေးကို မပြတ်မလပ်ကလေး နှလုံးသွင်းပါဆိုတော့ ခင်ဗျားတို့က အားထုတ်ရမှာလား. . သူတို့ကိုယ်တိုင်က ယောက်ျားဖြင့် ဒီတရားသုံးခုများများလာရမယ် . . . (မှန်ပါ့)။

မိန်းမဖြစ်ရင်ဖြင့် ခုနကပြောခဲ့တဲ့တရားသုံးခုက (များများလာရမယ်)၊ များများလာရမယ်၊ အဲ့ဒါတွေအကြောင်းမှန်နဲ့နှလုံးသွင်းလိုက်ပြီးသကာလ မပြတ်မလပ်ကလေး ကြိုးစားလိုက်လို့ရှိရင်ဖြင့် ကွာတဲ့ငါဘုရားဖြစ်လာတာ၊ ဒါကြောင့်မင်းတို့အရိယာဖြစ်ပြီး မင်းတို့အတုမရှိတဲ့နိဗ္ဗာန်၊ အတုမရှိတဲ့ အရပာတ္တဖိုလ် နိဗ္ဗာန်ကြီးရောက်ချင်လို့ရှိရင်လည်း မင်းတို့

သန္တာန်မှာ ဟေိပဿိကောဆိုတဲ့အတိုင်း လာပါ ရှုပါ ခဏခဏ ပေါ်ပါတယ်၊ သဘောပါကြလား. . . (ပါ ပါတယ် ဘုရား)။

လာပါ ရှုပါလို့ ယောဂီများမှာ မာနကခေါ်ပါတယ်၊ ဥဒ္ဓစ္စက (ခေါ်ပါတယ်)၊ ကုက္ကုစ္စက (ခေါ်ပါတယ်)၊ ယောဂီများ မှာပေါ်လာတဲ့တရားက များသောအားဖြင့် ဘယ်နှမျိုးပါ လိမ့်. . . (သုံးမျိုးပါဘုရား)။

မိန်းမမှာ ဟေိ လာခဲ့ပါ၊ ပဿ ကျုပ် ရှုစမ်းပါလို့ ပေါ်တဲ့တရား၊ မိန်းမဘက်ကလည်း ဘယ်နှမျိုးပါလိမ့်. . . (သုံးမျိုးပါ)၊ အင်း- ဘယ်သူပါလိမ့်. . . (မစ္ဆေရ၊ ဣဿာ၊ လောဘ)၊ ဒါ မိန်းမမှာပေါ်တတ်တဲ့တရားက ဒီသုံးခုပဲ ကိုစောမောင်။

ယောဂီများမှာပေါ်တတ်တဲ့တရားက. . . (သုံးခု)၊ သုံးခု အဲ့ဒါတွေကိုတော့ နှလုံးသွင်းမှန်မှန်နဲ့ မပြတ်အားထုတ် လို့ရှိရင် ငါ ဘုရားဖြစ်လာတာ၊ ဒါကြောင့် မောင်နိုင် အင် မတန်သိနေပြီတဲ့. . . (သိပါတယ်)။

မိန်းမတွေအရိယာဖြစ်လာတာ ဒီတရားသုံးခုကြောင့် ဒီပြင်တရားကကြားပေါက်သာရှိတယ်. . . (မှန်ပါ)၊ ကိုစံလှ ရေ သူတို့ကတော့ဖြင့် သူ့မိန်းမရယ်လို့ အမူအရာဖြစ်လာရင် ဒီတရားသုံးခု ခေါင်းဆောင်ပဲ။

ကိုစောမောင် (မှန်ပါ့)၊ ယောက်ျားအမူအရာပေါ် လာရင်. . . (ဒီတရားသုံးခု)၊ ဒီတရားသုံးခု ခေါင်းဆောင်လာတယ်ဆိုတော့ ခု ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နောက်ဆုံးပိတ်နိဂုံးချုပ်လိုက်တော့ မောင်နိုင် ကောင်းကောင်းကျေနပ်တယ်. . . (ကျေနပ်ပါတယ်)။

ယောက်ျားမှာလည်း ဤတရားသုံးခုက ဟေိပသိ ကော ခေါ်တယ်၊ ဟေိ-လာခဲ့ပါ၊ ဒီတရားသုံးခုကပေါ့လေ၊ အယ်- မာနရယ်၊ ဥဒ္ဓစ္စရယ်၊ ကုက္ကုစ္စရယ်ဆိုတဲ့ တရားသုံးခုကလည်း ယောက်ျားသန္တာန်မှာ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်တယ် . . . (မှန်ပါ့)။

ပေါ်တဲ့အခါကျလို့ရှိရင်ဖြင့် သူက ဟေိ=လာခဲ့ပါ၊ ပဿ=ရှုပါဆိုတော့ ဟေိ-လာခဲ့ပါ၊ ပဿ-ကျုပ်တို့ကို ရှုပါဆိုတာ မဂ်ကိုခေါ်ပါတယ်. . . (မှန်ပါ့)၊ သဘောကျလား. . (ကျပါတယ်ဘုရား)။

ဘယ်သူကခေါ်ပါလိမ့် မဂ်ကို ဒီတရားသုံးခုက. . . (ခေါ်ပါတယ်)၊ ခေါ်တယ်တဲ့ ခေါ်တော့ကို မင်းတို့ သူခေါ်တဲ့အတိုင်းသာ ရှုနေမယ်ဆိုရင် အများဆုံးခေါ်တဲ့တရားလို့ကော မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)၊ ရှင်းပလား. . . (ရှင်းပါတယ်)။

ကဲ- ဒကာမတွေဘက်ကကျတော့လည်း ယောက်ျားများကဲ့သို့ပဲ ဟေိပဿိ၊ ဟေိ-လာခဲ့ပါ၊ ပဿ-ကျုပ်တို့လည်း

ရှုပါ ခေါ်တဲ့တရား ဘယ်နှမျိုးရှိတုံး. . . (သုံးမျိုးရှိပါတယ်ဘုရား)။

အင်း- ဒါဖြင့် ဒီပြင်တရားအခေါ်နည်းတယ်လို့ဘုရားကဖြေပါတယ်. . . (မှန်ပါ့)။

ဒီ တရားသုံးခုက. . . (အခေါ်များပါတယ်)၊ အင်း- ယောက်ျားမှာလည်း ဒီတရားသုံးခုက အခေါ်များတယ်၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

မိန်းမမှာလည်း ဒီတရားသုံးခုက. . . (အခေါ်များပါတယ်)။

အဲဒီတရားတွေကို သူခေါ်တာသာ သူခေါ်တာကိုမာနအဖြစ်နဲ့ ယောက်ျားမှာလည်း မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စဆိုတဲ့သူအခေါ်နဲ့မခေါ်ဘဲနဲ့ မင်းတို့က နှလုံးသွင်းနည်း မှန်ပေးလိုက်ပါ. . . (မှန်ပါ့)။

ယောနိသောမနသိကာရ အကြောင်းကို နှလုံးသွင်းလိုက် ဒါမွေကလေးတွေပါလား. . (မှန်ပါ့)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ယောနိသောမနသိကာရ ယောနိသောသမ္မာနသိကာရ၊ အင်း- ဒါတွေဟာ အနိစ္စရှုလို့ အနိစ္စသဘောပြောလာတာပဲ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အနိစ္စရှိလို့ အနိစ္စရှုပါလို့ လာပြီးသကာလ ခေါ်လာ

ထုတ်လာတဲ့တရားတွေပဲလို့ ဒကာဒကာမတွေ ရှုပေးစမ်းပါ (မှန်ပါ့)၊ သဘောပါပလား. . . (ပါ ပါတယ်ဘုရား)။

ဤကဲ့သို့ ဒါဖြင့် စကားသည် ဒကာဒကာမတို့ များသောအားဖြင့် ယောကျ်ားမှာ ဒီတရားသုံးခုပေါ်လို့ ဒီတရားသုံးခုက ပေါ်ပသိကော၊ ပေါ်-လာခဲ့ပါ၊ ပဿ-ကျုပ်တို့သုံးခုကို ရှုပါလို့ ခင်ဗျားတို့ခေါ်တိုင်းခေါ်တိုင်း သတိပညာလေးကလိုက်ကြမယ်ဆိုလို့ရှိရင် မောင်နိုင်ရေ- အတုမရှိတဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရောက်မယ်၊ သဘောကျလား. . (ကျပါတယ်ပါဘုရား)။

အတုမရှိတဲ့အရဟတ္တဖိုလ်နိဗ္ဗာန်ကို. . . (ရောက်မယ်)၊ ရမယ်တဲ့၊ မိန်းမတွေမှာတော့ ထိုနည်းတူပဲ ဒီတရားတွေက ပေါ်လာခဲ့ပါ၊ ပဿ-ရှုပါဆိုတော့၊ ပေါ်တတ်တဲ့တရားဟာ မြန်မြန်ခေါ်တာပါပဲ. . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ မိန်းမတွေမှာလည်း အခေါ်တရား ဘယ်နှခု ဘယ်နှပါးရှိပါသတုံး. . . (သုံးပါးရှိပါတယ်)၊ ယောကျ်ားမှာ အခေါ်တရား. . . (သုံးပါးပါဘုရား)။

သုံးပါးရှိပြီးသကာလ အဲ့ဒါတွေကို မင်းတို့က နှလုံးသွင်းမှန်မှန်နဲ့ ဝီရိယစိုက်ပြီးကြည့်ကြမယ်၊ နှလုံးသွင်းမှန်ဆိုတာကတော့ မာနရယ်လို့မယူနဲ့၊ ဥဒ္ဓစ္စရယ်လို့မယူနဲ့ ကုက္ကုစ္စရယ်လို့ မယူနဲ့ မောင်နိုင်ရ. . . (မှန်ပါ့)။

အနိစ္စပေါ်လာတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ဒုက္ခပေါ်လာတာ၊ အနတ္တပေါ်လာတာလို့ နှလုံးသွင်းမှန်ပေးလိုက်စမ်းပါ. . . (မှန်ပါ့)။

မိန်းမတွေဘက်ကလည်း မစ္ဆေရတို့၊ ကုက္ကုစ္စတို့၊ လောဘတို့ သူ၊ သူ့သန္တာန်မှာ အများကြီးပေါ်တတ်တဲ့တရားတွေပါပဲ. . . (မှန်ပါ့)။

အဲဒီပေါ်တတ်တဲ့တရားတွေကိုပဲ အင်း- ဒီဥစ္စာ နှလုံးသွင်းမှန်မှန်နဲ့ ဒါ အနိစ္စအဖြစ်နဲ့ပေါ်လာတာ သဘောကျလား. . . (ကျပါတယ်ဘုရား)။

## မမြင်ရာအရပ်ကလာပြီး
## မမြင်ရာအရပ်ကိုသွားတယ်

နဂိုကရှိတာမှဟုတ်ပဲ၊ ခုမှပေါ်လာတာ. . . (မှန်ပါ့)၊ အင်း- ပေါ်လို့ကြည့်လိုက်ပြန်တော့လည်း ခုပဲ ပျောက်သွားတယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ မမြင်ရာအရပ်ကလာပြီး၊ မမြင်ရာအရပ်ကိုသွားတယ်လို့ ရှုလိုက်စမ်းပါ. . . (မှန်ပါ့)၊ ဘယ်လိုမှတ်ကြမယ်. . . (မမြင်ရာအရပ်ကလာပြီး မမြင်ရာအရပ်ကိုသွားပါတယ်ဘုရား)။

ဩော်- မမြင်ရာအရပ်ကလာပြီး မမြင်ရာအရပ်ကိုသွားတယ်ဆိုတာလေးကို ဒကာဒကာမတွေက သမ္မပ္ပဓာန်

လေးနဲ့ အင်း- မမြင်ရာအရပ်ကလာ၍ မမြင်ရာအရပ်ကို သွားပြန်ပြီ သွားပြန်ပြီလို့ ဝီရိယကလေးစိုက်ပေးပါပေါ့ဗျာ. . (မှန်ပါ့)။

အဲဒီကဲ့သို့မမြင်ရာအရပ်ကလာပြီး မမြင်ရာအရပ်သို့ သွားပြန်ပြီ သွားပြန်ပြီလို့ ဒကာဒကာမတွေ တစ်ခါနှစ်ခါ ထိုင်ကရှုလို့ ဒကာမကလည်း ငါ့သန္တာန် ရှုကြမယ်ဆိုလို့ရှိရင် ဖြင့် နှလုံးသွင်းမှန်၍ ဝီရိယသန်သောကြောင့် ငါ ဘုရား ဖြစ်သလို မင်းတို့အကုန်လုံး အရိယာဖြစ်မယ်ကွတဲ့. . . (မှန်ပါ့)။

အတော် အဆုံးအမကောင်းတယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ အင်မတန်အဖိုးတန်တယ်ဆိုတာ ပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။

တရားရှာရမယ်၊ ရှာရှုရမယ်လို့တောင် မပြောဘူး. . (မှန်ပါ့)၊ ကိုစောမောင် တရားရှာရှုရမှာလား၊ ပေါ်တတ်တဲ့ တရားကို အမြဲဂရုစိုက်ပါလို့ ပြောတာ. . . (မှန်ပါ့)၊ သဘော ပါကြလား. . . (ပါ ပါတယ်ဘုရား)။

## ဘယ်တရားကို အမြဲဂရုစိုက်ရမလဲ

ဘယ်တရား အမြဲဂရုစိုက်ရမလဲ. . . (ပေါ်တတ်တဲ့ တရားနှလုံးသွင်းရမှာပါဘုရား)၊ ဒါဖြင့် ယောက်ျားမှာ ပေါ်

တတ်တဲ့တရားက သုံးပါး. . . (မှန်ပါ့)၊ မိန်းမမှာပေါ်တတ်တဲ့ တရားက သုံးပါး။

အဲ- ပေါ်တတ်တဲ့တရား ဂရုစိုက်ပြီးသကာလ နှလုံးသွင်းမှန်ပြီး ဂရုစိုက်ကြမယ်ဆိုရင်ဖြင့်ကွာတဲ့ ငါ ဘုရားဖြစ်လာသလို မင်းတို့ဘုရားဖြစ်သွားသောကြောင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ကိုယ်တော်ကြီးဖြစ်ရသလို မင်းတို့လည်းကွာတဲ့ အရိယာတွေဖြစ်ပြီး ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ပုဂ္ဂိုလ်တွေ အကုန်ဖြစ်ကြမယ်ဆိုတာ ငါ အသေအချာယုံကြည်ပါတယ် . . . (မှန်ပါ့)။

ဘုရားက ဆုံးဖြတ်ချက်ပေးတာ. . . (မှန်ပါ့)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)၊ အရှင်အနုရုဒ္ဓါက မေးလို့ ဘုရားကဖြေတာ တစ်မျိုး. . . (မှန်ပါ့)။

ရှင်သာရိပုတ္တရာကို ရှင်အနုရုဒ္ဓါကမေးလို့ ရှင်သာရိပုတ္တရာကဖြေတာတစ်မျိုး. . . (မှန်ပါ့)၊ ယောကျ်ားဘက်က ဘယ်နှမျိုးပါလိမ့်. . . (သုံးမျိုးပါဘုရား)၊ မိန်းမဘက်က. . . (သုံးမျိုးပါဘုရား)။

## မသေမချင်းမှတ်ဖို့အလုပ်

ဪ- ဒီဥစ္စာ မသေမချင်းမှတ်ဖို့အလုပ်ပါလား. . (မှန်ပါ့)၊ သဘောပါကျလား. . . (ပါ ပါတယ်ဘုရား)၊ ဒကာ

ဒကာမတို့ ကြောက်စရာများရှိသေးလား. (မရှိပါဘူးဘုရား)။

မိန်းမဘက်က ဟေ့ိပဿိကော၊ ဟေ့ိ-လာခဲ့ပါ၊ ပဿ-ကျုပ်တို့ကိုရှုပါလို့ ခေါ်တဲ့တရား ဘယ်နှမျိုးရှိတုံး. . . (သုံးမျိုးပါဘုရား)။

ဘယ်သူ ဘယ်သူပါလိမ့်. . . (မဇ္ဈေရ၊ ဣဿာ၊ လောဘပါဘုရား)။

ကဲ- ယောကျ်ားဘက်ကလည်း ဒကာဒကာမတွေ များသောအားဖြင့်ခေါ်တဲ့တရားက ဘယ်သူပါလိမ့်. . . (မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ)၊ အဲ မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ သဘောပါကြလား. . . (ပါပါတယ်ဘုရား)။

ယောကျ်ားဘက်က ခေါ်တဲ့တရားက. . . (မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ)၊ အဲဒါတွေကို ခင်ဗျားတို့က **သူပေါ်တာတွေဟာ စင်စစ်ပေါ်လို့ရှိရင် မိန်းမမှာလည်း** အပါယ်ပို့မဲ့ တရားပဲ. . . (မှန်ပ့ါ)၊ ယောကျ်ားမှာကော. . . (အပါယ်ပို့မဲ့တရားပါဘုရား)။

အဲဒီ အပါယ်ပို့မဲ့ အပါယ်ကိုပို့မဲ့တရားတွေကို မင်းတို့က နှလုံးသွင်းမှန်မှန်နဲ့ ဟုတ်လား၊ လှံ့လထားရှုမယ်ဆိုလို့ရှိရင် သူတို့သည်ပင်လျှင် ဒကာဒကာမတို့ ဓမ္မသည် ခင်ဗျားတို့သိပြီးသားအတိုင်း ဓမ္မဂုဏ်တော်ခြောက်ပါး တည်းပါတယ် (မှန်ပ့ါ)။

မပါလာဘူးလား. . . (ပါလာပါတယ်ဘုရား)၊ ဟေ ပဿိကော၊ ဟေ-လာခဲ့ပါ၊ ပဿ-ရှုပါဆိုတာလည်း ယောကျ်ားဌ် ဒီသုံးခုကခေါ်တယ်၊ မိန်းမမှာကော. . (ဒီသုံးခု ကခေါ်ပါတယ်ဘုရား)။

ဆိုင်ရာသုံးခုက မခေါ်ဘူးလား. . . (ခေါ်ပါတယ်)၊ အဲ- မိန်းမမှာလည်း ဆိုင်ရာသုံးခုကခေါ်၊ ယောကျ်ားမှာလည်း ဆိုင်ရာသုံးခုက ခေါ်လိမ့်မယ်၊ ဒီအတိုင်းရှုခြင်းကြောင့် သူလည်းဘုရားဖြစ်ခဲ့ပါတယ်လို့ တာဝန်ခံတာ. . . (မှန်ပါ့)။

ငါ၏ တပည့်မတွေကိုလည်း သေသေချာချာ ဒီလမ်း နဲ့ဒီစခန်းကိုခေါ်တဲ့ဆီ နှလုံးသွင်းမှန်မှန်နဲ့ဝီရိယထားရှုကြ မယ်ဆိုရင်ဖြင့် အတုမရှိတဲ့အရဟတ္တဖိုလ် နိဗ္ဗာန်ကြီးကို ရောက်ပါလိမ့်မယ်ဆိုတဲ့ဥစ္စာ ငါလည်း တိုက်တွန်းပါတယ်. . (မှန်ပါ့)။

ငါရောက်သလိုရောက်စေချင်လို့ တိုက်တွန်းပါတယ် (မှန်ပါ့)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် အင်မတန်အားကိုးထိုက်တဲ့တရားကို ယောကျ်ားရော မိန်းမရော အဆင်ပြေအောင်ဘုရားသည် နှစ်ပုဂ္ဂိုလ်တွဲဟောတာ ကိုစောမောင်. . . (မှန်ပါ့)။

## ရှင်သာရိပုတ္တရာဟောသောတရားတော်

ပထမမိန်းမဟောလိုက်တယ်. . . (မှန်ပါ့)၊ ဒုတိယယောက်ျားဟောတယ်. . . (မှန်ပါ့)၊ အဲ့ဒီလိုဟောပြီး ရှင်သာရိပုတ္တရာကလည်း ကဲ မင်းမှာ ယောက်ျားကွ အနုရုဒ္ဓါရ မင်းမှာမာန နှိပ်စက်တယ်။

မင်းက ငါလို၊ ငါလို အဘိညာဉ်နဲ့ကြည့်နိုင်တဲ့ပုဂ္ဂိုလ်ရှားမှရှားတယ်ဆိုတဲ့ မင်း မာနခံနေတယ်၊ သဘောကျလား (ကျပါတယ်ဘုရား)။

ပြီးတော့ မင်းကလည်း ဝီရိယအားကောင်းတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ တစ်နေ့လည်း အဘိညာဉ်ပဲ့ အားစိုက်ရှုမဟဲ့ဆိုတော့ ဝီရိကလည်း လွန်နေတော့ မင်းမှာ ဉဒ္ဓစ္စကလည်းရှိနေတယ်၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

တော်တော်ကြာကျလို့ရှိရင် ငါ အာသဝေါမကုန်လို့ခက်တယ်ဆိုတဲ့ ကုက္ကုစ္စက လာပြန်တယ်၊ သဘောကျလား. (ကျပါတယ်ဘုရား)၊ အင်း- ဘာလာသတဲ့. . . (ကုက္ကုစ္စပါဘုရား)။

အာသဝေါမကုန်လို့ခက်တယ်ဆိုတဲ့ ကုက္ကုစ္စက မင်းမှာလာတယ်၊ အဲတော့ မင်းဒါကြောင့် အာသဝေါကုန်ခမ်းတဲ့နိဗ္ဗာန်သို့ မင်းမရောက်တာသိပလား. . . ဆိုတော့မှ ရှင်အနုရုဒ္ဓါက သိပါပြီဘုရားဆိုပြီး ဒီတရားသုံးခုမှာ

သူ့သန္တာန် ပေါ်တာကိုဗျ၊ ယောက်ျားဖြစ်နေတော့ . . . (မှန်ပါ့)၊ သဘောပါကျပလား. . . (ပါပါတယ်ဘုရား)။

## ရှင်အနုရုဒ္ဓါ ရဟန္တာဖြစ်သွားတယ်

ဒီတရားသုံးခုကိုပဲ သူပေါ်တိုင်းပေါ်တိုင်း ကြည့်လိုက်တော့ယောက်ျားလည်းဖြစ်နေ အပါယ်များတဲ့တရားလည်းဖြစ်နေတော့ သူ ရဟန္တာဖြစ်သွားတယ်. . . (မှန်ပါ့)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

မိန်းမတွေမှာကော တရားသုံးခုအပေါ်များတာ မရှိဘူးလား. . . (ရှိပါတယ်)။

အဲ့ဒီတရားသုံးခုကို အပေါ်များတာကိုရှုလိုက်လို့ရှိရင်လည်း ခင်ဗျားတို့ ဒီဥစ္စာအရိယာမတွေဖြစ်ကြမယ်ဆိုတာလည်း ငြင်းဆန်နေဖို့လိုသေးလား. . . (မလိုပါဘူးဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အနုရုဒ္ဓါသည် ဒီတရားသုံးခုက နိဗ္ဗာန်ပို့တာ. . . (မှန်ပါ့)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

## ယောက်ျားမိန်းမခွဲပြီး နိဗ္ဗာန်သွားတရား

ဒကာမတွေမှာ ဘယ်သူက နိဗ္ဗာန်ပို့မယ်ထင်ကြသတုံး. . . (ဒီတရားသုံးခုကပါဘုရား)၊ ဒီ ခင်ဗျားတို့ဆိုင်ရာတရားသုံးခုက. . . (မှန်ပါ့)။

မစ္ဆေရနဲ့ ကုက္ကုစ္စာနှင့် လောဘတို့က သူတို့က နှလုံးသွင်းတာမှန်မှန်နဲ့ သမ္မပ္ပဓာန်ဆိုတဲ့ ဝီရိယနဲ့သာ စိုက်ကြည့်လို့ရှိရင် သေသေချာချာရမယ်လို့ ဘုရားအသေအချာဟောတယ်. . . (မှန်ပါ့)။

သဘောပါကြလား. . . (ပါပါတယ်ဘုရား)၊ ဒါဖြင့် ဒီတရား ဘာတရားပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မေးလို့ရှိရင် ဩော်- ယောဂီများမိန်းမခွဲပြီးသကာလ နိဗ္ဗာန်သွားတရား အထူးထားတာကိုဆိုတာ ပေါ်လာမယ်. . (တင်ပါ့)၊ မပေါ်ကျသေးဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

မိန်းမမှာ တရားသုံးခုနိဗ္ဗာန်သွားနိုင်တဲ့တရား. . . (မှန်ပါ့)၊ ယောကျ်ားမှာ နိဗ္ဗာန်သွားနိုင်တဲ့တရား. . . (သုံးပါး) သုံးပါး။

## နှလုံးသွင်းမှန်ပြီး လုံ့လဝီရိယထားကြရမယ်

အဲ့တော့ ဘာလေးပြင်ပေးရမယ်ဆိုတာကော သိကြပလား. . . (သိပါပြီဘုရား)၊ နှလုံးသွင်းမှန်ပြီးသကာလ လုံ့လထားရမယ်. . . (မှန်ပါ့)။

နှလုံးသွင်းမှန်ရမယ်ဆိုတာ အနိစ္စကလေးတွေ ပေါ်လာတယ် အနိစ္စကလေးတွေပေါ်လာတယ်လို့ နှလုံးသွင်းမှန်ရမယ်. . . (မှန်ပါ့)၊ ပေါ်လာတိုင်းပေါ်လာတိုင်းပဲ၊ ပေါ်လာတိုင်း ပေါ်လာတိုင်းပဲ ဝီရိယကလေးထားပေးပါ. . . (မှန်ပါ့)။

ဒီလိုဆိုလို့ရှိရင် ယောက်ျားလည်း ဒီတရားသုံးခု ဦးစီးတဲ့အတွက် နိဗ္ဗာန်အရောက်မြန်တယ်. . . (မှန်ပါ့)၊ မိန်းမလည်း ကိုယ့်သန္တာန်ပေါ်လာတဲ့တရား အရှုများရတဲ့အတွက် ကိုစောမောင် နိဗ္ဗာန်နဲ့မနီးဘူးလား. . . (နီးပါတယ်ဘုရား)။

ဒါဖြင့် ယောက်ျားမှာအနီးဆုံးတရား ဘာပါလိမ့်. . . (မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ။

## မိန်းမမှာ နိဗ္ဗာန်နဲ့အနီးဆုံးတရား ဘာပါလိမ့်

မိန်းမမှာ နိဗ္ဗာန်နဲ့ အနီးဆုံးတရား ဘာပါလိမ့်. . . (မစ္ဆေရ၊ ဣဿာ၊ လောဘ)၊ မစ္ဆေရ၊ ဣဿာ၊ လောဘ၊ အဲ့ဒါနှလုံးသွင်းမှန်မှန်နဲ့ဝီရိယထားပြီးရှုလိုက်လို့ရှိရင်ဖြင့်တဲ့ယောက်ျားများရောက်တဲ့ နိဗ္ဗာန်ရယ်လို့လည်း အထူးတရားမရှိဘူး. . . (မှန်ပါ့)။

မိန်းမများရောက်တဲ့နိဗ္ဗာန်ရယ်လို့လည်း အထူးတရား မရှိဘူး၊ အကုန်ဒုက္ခသိမ်းတာတစ်ခုတည်းမှာသွားစုတာပဲ. . . (မှန်ပါ့)၊ သဘောပါကြလား. . . (ပါပါတယ်ဘုရား)။

ဘယ်မှာသွားစုတူကြတာလည်း. . . (ဒုက္ခသိမ်းတာပါဘုရား)၊ ဒုက္ခသိမ်းတာကျတော့ ထူးကြသေးရဲ့လား. . . (မထူးပါဘူးဘုရား)။

အဲ- ရှုရမှာများရမယ့်တရားကတော့ ထူးသကွ. . . (မှန်ပါ့)၊ ရောက်တဲ့နိဗ္ဗာန်ကတော့. . . (မထူးပါဘူးဘုရား)။

## ရှုရမယ့်တရားကတော့ ထူးပါတယ်

ရှုရမဲ့တရားကတော့. . . (ထူးပါတယ်)၊ ရှုရမဲ့တရားကတော့ မိန်းမမှာ ဟေဝပသီကော က မဇ္ဈေရ ဣဿာ၊ လောဘ. . . (မှန်ပါ့)၊ သူက သူခေါ်တာများတယ် သဘောကျလား. . . (ကျပါတယ်ဘုရား)။

ယောကျ်ားမှာ ဟေဝပသီကော လာပါရှုပါလို့ ခေါ်တဲ့တရားကတော့ ဘာတဲ့ (မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စဆိုတော့ ဒကာဒကာမတွေ ဒါဖြင့် ကိုယ့်သန္တာန်အပေါ်တရားသည် အခု နှလုံးသွင်းမှန်ပြီးသကာလ သမ္မပ္ပဓာန်နဲ့ လုံ့လနဲ့ရှုလိုက်မယ်ဆိုလို့ရှိရင်ဖြင့် ယောကျ်ားမှာလည်း အမြန်ဆုံးတွေ့တဲ့တရား. . . (မှန်ပါ့)။

မိန်းမမှာရော. . . (အမြန်ဆုံးတွေ့တဲ့တရားပါ)၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ငါဘုရားလည်း ဒီလိုစဉ်းစားခဲ့လို့ ယောကျ်ားအဖြစ်နဲ့ ဒီလိုရခဲ့ပါတယ်၊ မင်းတို့ငါ၏တပည့်မတွေလည်း ဒီတရားသုံးခုကို ကြိုးစားလို့ရှိရင် ဒီလိုရကြမှာပဲဆိုတာကို သူ သေသေချာချာ တိုက်တွန်းတယ် (မှန်ပါ့)၊ သဘောပါကျလား. . . (ပါပါတယ်ဘုရား)။

မလုပ်တတ်စရာများရှိသေးလား. . . (မရှိပါဘုရား)၊ အဲ့ဒီကြားထဲကမှ ကြားပေါက်လာလို့ရှိရင်လည်း ကြားပေါက်ရှုပေါ့. . . (မှန်ပါ့)။

သို့သော် ကြားပေါက်ထက်သူတို့ကများတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ကိုင်း- ဒါဖြင့် ဒကာဒကာမတို့ ဒါ နိဗ္ဗာန်ရောက်တရားပဲဆိုတာ သူလည်းဖြစ်ပျက် မြင်အောင်ရှုလို့၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

အင်း- သူဖြစ်ပျက်ရှု့မုန်းလာလို့ သူ့ဖြစ်ပျက်ဆုံးတဲ့အချိန်ကျတော့ ဒီတရားတွေဆုံးရင် ခန္ဓာဆုံးတာပဲ. . . (မှန်ပါ့)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

## ဓမ္မာနုပဿနာ

အဲ့တော့ နိဗ္ဗာန်ရောက်တရားဆိုတာ သေချာပလား (သေချာပါတယ်ဘုရား)၊ အဲ့တော့ ဒါ ဘာနုပဿနာတုံးလို့ မေးလို့ရှိရင် ဓမ္မာနုပဿနာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

ဓမ္မတွေရှုရတဲ့အတွက်. . . (မှန်ပါ့၊ ယောက်ျားမှာလည်း ဓမ္မတွေမရှုရဘူးလား. . . (ရှုရပါတယ်ဘုရား)၊ ယောက်ျားကျတော့ မာနဆိုတဲ့ဓမ္မ သဘောကျလား. . . (ကျပါတယ်ဘုရား)။

အင်း- မာနဆိုတဲ့ဓမ္မပြီးတော့ကော ဥဒ္ဓစ္စဆိုတဲ့ ဓမ္မ မရှုရဘူးလား. . . (ရှုရပါတယ်ဘုရား)၊ ကောင်းပြီ၊ ဒါဖြင့် ကုက္ကုစ္စဆိုတဲ့ ဓမ္မကော. . . (ရှုရပါတယ်ဘုရား)၊ အင်း- ဒါကြောင့် ဓမ္မာနုပဿနာတဲ့ ဒီဓမ္မကို ရှုနေရတဲ့ အနုပဿနာဖြစ်ပါတယ်။

အင်း- သည်ကညာဏ်က အဖန်ဖန်ရှုပေးပါ. . . (မှန်ပါ့)၊ မိန်းမတွေမှာ ဓမ္မာနုပဿနာတရားသုံးခုလည်း သိကြပါပြီနော်. . . (မှန်ပါ့)။

ဘာပါလိမ့်. . . (မဇ္ဈေရ ဣဿာ၊ လောဘ) အဲဒါဓမ္မာနုပဿနာသတိပဋ္ဌာန်ပဲဆိုတာ သဘောကျလား. . . (ကျပါတယ်ဘုရား)။

အဲ- ပေါ်လာတာရှုတာသည် မောင်နိုင် လိုရာ ရောက်ဆိုက်ပါတယ်ဆိုတာ အသေအချာမှတ်ပါ. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါတယ်ဘုရား)။

မရှုတတ်စရာရှိသေးသလား. . . (မရှိပါဘုရား) သုံးခု သုံးခုကြား၌ ကြားပေါ်လာလို့ရှိရင်လည်း ခုနလိုပဲ လိုက်တာပေါ့. . . (မှန်ပါ့)၊ သို့သော် ကြားပေါ်လည်း အမြဲတမ်း ပုဂ္ဂိုလ်နဲ့ဆိုင်ရာပေါ်တာနဲ့ ဘယ်ဟာကများမယ်ထင်ကြလဲ. . . (ပုဂ္ဂိုလ်နဲ့ဆိုင်ရာပေါ်တာကများပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒါ နိဗ္ဗာန်နဲ့အနီးဆုံးတရားကို ယောက်ျားနဲ့မိန်းမခွဲဟောတာ အင်မတန်မှ အဖိုးတန်တယ်ဆိုတာကော သဘောပါလား. . . (ပါပါတယ်ဘုရား)။

ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

**ကဲ. . . ယနေ့ ဒီတွင်တော်ကြစို့။**

**သာဓု. . . သာဓု. . . သာဓု. . . ။**